

ပန်း

စာအုပ်စဉ် (၂၀၂)

# ပိုးဖျက်တဲ့ပန်း

★

သန်းဆွေ-ရေးသည်

၃၀၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

ပထမအကြိမ် ရိုက်နှိပ်ခြင်း
၁၉၆၁-ခုနှစ် ဇန်နဝါရီလ

တာဝန်ခံ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူ
**ဦးကြီးခင်**

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပုံနှိပ်သည်။
မင်္ဂလာပုံနှိပ်တိုက်
၃၀၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

သန်းဆွေ-ရေး

# ပိုးဖျက်တဲ့ပန်း

ကိုသိန်းထိုက်အား ရန်ကုန်တက္ကသိုလ်ကျောင်း အဓိပတိလမ်းပေါ်တွင် ပထမအကြိမ်စတင်၍ တွေ့ဖူးခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်မှာ အထက်အညာ တောမြို့လေးတစ်မြို့မှ ဆင်းလာကာစဖြစ်သော အညာသား ကျောင်းသားသစ်ကလေးမျှသာ ဖြစ်ပါသည်။ တက္ကသိုလ် မရောက်ခင်က ရန်ကုန်မြို့သို့ ဟုတ္တိပတ္တိ သုံးလေးခေါက်မျှသာ ရောက်ခဲ့ဖူးပါသည်။ တောမြို့ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့သူဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်တွင်တက်ရောက်၍ ပညာသင်ကြားနေရသော်လည်း ကျွန်တော်၏ မှေးမှိန်နုံနဲ့လှသော အသွင်အပြင်ကား တက္ကသိုလ်လောကတွင် မပြောင်လက်ခဲ့ပါ။ သို့သော် ကိုသိန်းထိုက်ကား ထိုစဉ်ကပင် တက္ကသိုလ်လောကတွင် သတင်းမွှေးနေသူ တစ်ယောက် ဖြစ်ပေသည်။

ထိုနေ့က ကျွန်တော်သည်

ပင်းယကျောင်းဆောင်မှ ထွက်ခဲ့ကာ အဓိပတိလမ်းကို လျှောက်၍လာခိုက် ဘောလုံးသမားအဝတ်အစားကို ဝတ်ထားသော ကိုသိန်းထိုက်ကို တွေ့ရပါတော့သည်။ အချိန်မှာ ဘောလုံးကန်ကျင့်သည့် နာရီပိုင်းသို့ မရောက်သေးသော်လည်း ဘောသမား ကိုသိန်းထိုက်ကား ဘောလုံးကန်အင်္ကျီ ဘောင်းဘီကို ဝတ်ထားပြီး ဖြစ်လေသည်။ အဘယ်ကြောင့် ကိုသိန်းထိုက်သည် ဤယူနီဖောင်းကို နံနက်မှစ၍ တစ်နေ့လုံး ဝတ်ထားတတ်သည်ကို ထိုစဉ်အခါက နားမလည်ခဲ့ပါ။ အခြားဘောလုံးသမား တစ်ဦးတလေသည် အကယ်၍သာ ဤကဲ့သို့ ဘောလုံးသမား ယူနီဖောင်းကို တစ်နေ့လုံး ဝတ်ထားပါက အနောက်အပြောင် ခံရမည် ဖြစ်သော်လည်း ကိုသိန်းထိုက်ကား အနောက်အပြောင် မခံခဲ့ရပေ။

ကိုသိန်းထိုက်သည် အရပ်အမောင်း အလုံးအထည်မှစ၍ ပြေပြစ် တောင့်တင်းသူ ဖြစ်သည်။ ဘောလုံးကန်ရာတွင် ဝတ်ဆင်ရသည့် အဝတ်အစားသည် သူ၏ ရှိရင်းစွဲ ကာယဗလအား ပိုမို၍ ကြီးထွားသည်ဟု ထင်မြင်ရလုမျှ ခန့်ညားထယ်ဝါလှပေသည်။ ထိုနေ့က ကျောင်းသားသစ်များ ကျောင်းတစ်ပတ်ရစ်များသည် သူ့အား ဝန်းရံလျက် ရှိသည်ကို တွေ့ရလေသည်။ ထိုသူတို့ကား သူပြောသမျှစကားကို စိတ်ပါစွာ နားထောင်နေကြ၏။ ကိုသိန်းထိုက်မှာ လက်ဟန်ခြေဟန်ဖြင့် စကားပြောနေရာ သူ၏ လက်ဟန် ခြေဟန်ကို ကြည့်ခြင်း

အားဖြင့် ဘောလုံးကစားခြင်း အကြောင်းကို ပြောနေမှန်း သိသာလေသည်။ ကျွန်တော့်စိတ်တွင် သူ၏ အမူအရာများမှာ ဇာတ်လိုက်မင်းသားထက်ပင် ပိုလှသော်လည်း သူ၏အင်္ကျီရှပ်ကိုယ်လုံးကိုယ်ထည်ကြောင့် သူ၏ အဖော်များပင်လျှင် သူ့အား အမူအရာ ပိုလွှမ်းခြင်းအတွက် ခွင့်လွှတ်နိုင်ဟန် တူပေသည်ဟု တွေးမိခဲ့လေသည်။ သူ့အဖော်များကား ဘောလုံးသမားများ ဟုတ်ဟန်မတူကြ။ ကိုသိန်းထိုက်၏ ရဲဘော်များ သက်သက်သာလျှင် ဖြစ်ကြပေမည်။ သို့သော် သူတို့သည် ကိုသိန်းထိုက်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

သူတို့လူစုသည် တဖြည်းဖြည်းနှင့် ကျွန်တော့်အနီးသို့ ရောက်လာကြသောအခါ ကျွန်တော့်မှာ ရှောင်ကွင်း၍ နေနိုင်အောင် နေရလေသည်။ ကျွန်တော်ကား ကျောင်းသားသစ်တောသားကလေးမျှသာ ဖြစ်လေရာ သူတို့ကဲ့သို့ မြို့ကြီးသားများနှင့် မျက်နှာချင်းမဆိုင်ဝံ့ခဲ့ပေ။ သို့သော် သူတို့ကား ကျွန်တော့်အား ဖာသိဖာသာ မနေကြပါ။ သူတို့လူစုနှင့် ကျွန်တော် ပေအနည်းငယ်ခန့် အကွာသို့ ရောက်သောအခါ သကောင့်သားကြီး ကိုသိန်းထိုက်က စကားပြောနေရာမှ ကျွန်တော့်အား ပြုံး၍ကြည့်နေပါသည်။ သူ့အပြုအမူမှာ အတော် ကျေနပ်နှစ်သိမ့်ဖွယ်ရာကောင်းလှပါသည်။ ဖြူဖွေးပြောင်လက်နေသော သွားများကို ပေါ်လာအောင် ပြုံးထားသည့် အပြုံးကလည်း စွဲမက်

စရာပင်။ ကိုသိန်းထိုက်ကား ပြုံးရုံသာမဟုတ်သေးပါ။ ကျွန်တော့်ကို နှုတ်ဆက်စကား ပြောပါသည်။

"ဘယ်လဲဗျ. . ."

သူ့စကားပြောသံမှာ သူ့အပြုံးကဲ့သို့ပင် ရွှမ်းစိုပြေပြစ်လှပါသည်။ ကျွန်တော့်မှာ ရုတ်တရက် အံ့ဩသွားကာ ချက်ချင်း အဖြေမပေးနိုင်ခဲ့။ အတန်ကြာမှ"အကြော်ဆိုင်ဘက်ကိုပါ"ဟု ဖြေလိုက်မိပါသည်။ သို့သော် ဤအချိန်တွင်ကား ကိုသိန်းထိုက်တို့လူစုမှာ လွန်သွားလေပြီ။ သူတို့၏ အရှိန်နှင့် သူတို့သွားနေလေပြီ။ ကိုသိန်းထိုက်ကား ကျွန်တော့်စကားကို မကြားရှာပေ။

သို့သော် ရှိပါစေတော့။ ကျွန်တော် ကျေနပ်ခဲ့ပါ၏။ ကျွန်တော်ကဲ့သို့ တောကြိုအုံကြားမှ တက်၍လာသောတောသားလေး တစ်ယောက်အား တက္ကသိုလ်နယ်တွင် ထင်ရှားကျော်ကြားသူ ကိုသိန်းထိုက်က နှုတ်ဆက်စကား ပြောသွားလေပြီ။

ထိုမှ ကုက္ကိုင်း အဲဗင်းနယူးလမ်းအတိုင်း လျှောက်ရင်း "တက္ကသိုလ်မှ လူတိုင်းရဲ့ ခင်မင်လေးစားမှု၊ ဂရုစိုက်မှု ခံရဖို့ဆိုတာမှာ တစ်ခုခု စွန်မှဖြစ်မှာပဲ။ ငါလဲ တစ်နေ့ကျရင်တော့ သူတို့လို ပေါ်ပြူလာဖြစ်အောင် လုပ်မှပဲ"ဟု တွေးမိခဲ့ပါသေးသည်။

လှည်းတန်းထိပ် အကြော်ဆိုင်သို့ ရောက်သည့်တိုင်အောင် ကျွန်တော့်ကျေနပ်မှုအရှိန်ကား မပြေသေးပေ။ ဘူးသီးကြော်ဆိုင်တွင်းသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် စားပွဲတစ်

ခုတွင် တစ်ယောက်တည်း ထိုင်နေသော ကိုလွန်းအောင်ကို တွေ့ရလေသည်။

ကိုလွန်းအောင်သည်လည်း ကျွန်တော်တို့ တက္ကသိုလ်လောကတွင် ထင်ရှားသူ ဖြစ်ပါသည်။ သူ၏ ခြေထောက်များမှာ ခွင်၍နေကာ သူ၏ကိုယ်လုံးကိုယ်ထည် ပိန်ညှက်သေးကွေးရုံမျှမက ကျောရိုးများမှာ ခိုင်၍ပင်နေပါသေးသည်။ ကိုယ်ခန္ဓာ၏ ကျန်းမာရေးအားဖြင့်သော်လည်းကောင်း၊ အသွင်အပြင်အားဖြင့်သော်လည်းကောင်း၊ သူ၏ အသွင်မှာ စိတ်ပျက်ဖွယ်ရာဖြစ်သော်လည်း သူလည်း ထူးခြားသူ တစ်ယောက် ဖြစ်ခဲ့ပါသည်။ ကစားခုန်စားပွဲတွင် သူ့အားထည့်သွင်း စဉ်းစားစရာမလိုသော်လည်း၊ ကျောင်းပညာရေးနှင့်ပတ်သက်သော ဆုများကိုကား၊ သူသာလျှင် ယူနေတတ်ပေသည်။ သူရောက်နေသည့် ပထမနှစ် ဝိဇ္ဇာတန်းတွင် အထက်မြက်ဆုံး အတော်ဆုံး လူငယ် တစ်ယောက် ဖြစ်လေသည်။ ထိုစဉ်က တက္ကသိုလ်မဂ္ဂဇင်း၏ အယ်ဒီတာလည်း ဖြစ်ပေသည်။ မစွမ်းမသန်ဘဝတွင် ရောက်နေသော်လည်း သူ၏ မျက်လုံးများ ကြည်လင်တောက်ပခြင်း၊ အာဝဇ္ဇန်းကောင်းခြင်း၊ စိတ်သဘောကောင်းခြင်း၊ သနားကြင်နာတတ်ခြင်း၊ ထက်မြက်ခြင်း၊ ရယ်စရာ ပြောတတ်ခြင်းတို့ကြောင့် သူ့အား ခင်မင်သူများကာ တက္ကသိုလ်တွင် စားသောသူ၊ စွန်သောသူ တစ်ယောက်ဖြစ်လေသည်။

ကျွန်တော်နှင့် မတွေ့မီ ၂ နှစ်ကဆိုလျှင် ကိုလွန်းအောင်

မှာ ကျွန်တော် ကဲ့သို့ပင် ကျောင်းသားသစ်ကလေးမျှသာ ဖြစ်ခဲ့ပေသည်။ သူ၏ဖခင်မှာ ရန်ကုန်မြို့ ဘားလမ်းတွင် ရှေ့နေလိုက်၍ နေ၏။ အထက်တန်းရှေ့နေ လုပ်သော်လည်း နေပုံထိုင်ပုံနှင့် ပတ်သက်၍ နာမည်ပျက်လှသူ ဖြစ်လေသည်။ သူကား ဝံသာနုခေတ်ထစဉ်က ဝံသာနု အဖွဲ့ဝင်ထဲက ဖြစ်၏။ ဝံသာနုသဘောတရား၊ ဗမာ့လွတ်လပ်ရေးလမ်းစဉ် စသည်တို့ကို ဆရာစံ သူပုန်မထမီက သဘောပေါက်နေသူ ဖြစ်ခဲ့၏။ သူသည် စီးပွားရေး၊ နိုင်ငံရေးနှင့် ပတ်သက်၍ သူမြင်သမျှ ရေးထားသော စာရွက်စာတမ်းများကို မကြာမကြာ ထုတ်ဝေရောင်းချလေ့ရှိခဲ့၏။ ယခုအခါတွင် သူ့စာရွက်စာတမ်းများ အဖိုးတန်ပုံကို ကျွန်တော် သိရပါသည်။ ထိုခေတ်က နိုင်ငံရေးသမားလောက ဝံသာနုလောကတွင် ထင်ရှားသူဖြစ်၏။ သို့သော် အရက်သမားဖြစ်၍ မည်သူမျှ မလေးစားကြ။ သားဖြစ်သူ ကိုလွန်းအောင်မှာ သူ့ဖခင် ကဲ့သို့ပင် ဦးနှောက်ကောင်းသူ ဖြစ်လေသည်။

အကြော်ဆိုင်ဝသို့ ကျွန်တော်ရောက်သည်နှင့် တပြိုင်နက်. . ။ "ဟာ. . . လာဗျို့. . ဒီဝိုင်းကိုလာဗျ. . . "ဟု အော်ခေါ်ပါတော့သည်။ ကျွန်တော်သည် ကိုလွန်းအောင်၏အနီးရှိ ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်မိပါသည်။

"ရောက်တာ အတော်ကြာပလား. . . ။ ကိုသိန်းထိုက်ကြီးတောင် အခုပဲ တွေ့ခဲ့သေးတယ်။ ကိုသိန်းထိုက်က သဘောကောင်းသားပဲဗျ. . . "

"ဟုတ်ကဲ့. . . ဒီလူက လူကောင်းပါ။ ကဲ. . . ဘာမှာမလဲ။ မှာလေ. . ."

ကျွန်တော်သည် အာလူးကြော် တစ်ပန်းကန်ကို မှာလိုက်မိ၏။

"ဘယ့်နှယ်လဲ ကျောင်းမှာ လိုက်နိုင်ရဲ့လား. . ."

"လိုက်တော့ လိုက်နိုင်ပါတယ်။ ဒါပေမဲ့. . . သိပ်တော့ မလိုက်နိုင်ဘူး. . ."

"အစတော့ ဒီလိုပဲ တော်တော်ဖားတယ်။ ဒါပေမဲ့ ကြာတော့လဲ ဟန်ကျသွားတာပဲ။ ဒီဂရီရပြီးရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"သတင်းစာလောကထဲ ဝင်မယ် အောက်မေ့တယ်"

ကိုလွန်းအောင်က ပြုံး၍ ပြပါသည်။

အင်း. . . သတင်းစာလောကဟာ တော်တော်စိတ်ဝင်စားစရာကောင်းတယ်လို့ ဆိုတာပဲ။ ဒါပေမဲ့ ပင်ပန်းလွန်းတယ်။ ကျုပ်နဲ့တော့ မကိုက်ဘူး. . ."

ကိုလွန်းအောင်သည် သူ၏ကိုယ်ကို အနေအထား တစ်မျိုးပြောင်း၍ ထိုင်လိုက်ပြန်ပါသည်။ ကိုလွန်းအောင်ကဲ့သို့ ကိုယ်ခန္ဓာအချိုးအဆစ် မကျနပါက တစ်နေရာတွင် ပုံစံတစ်မျိုးတည်း ကြာကြာ မနေနိုင်ပါ။ ဆန်းကြယ်သည်မှာ ကိုလွန်းအောင်သည် ဤမျှ ချိန့်နဲ့နေသော်လည်း မည်သို့မျှ သူ့ကိုယ်ကို သတိထားဟန် မတူပါ။ ရှက်ဟန် ကြောက်ဟန်လည်း မပြပါ။ သူလို ငါလို ကျန်းမာသူတစ်ယောက်တွင် ရှိသည့် စိတ်ကဲ့သို့ပင် ခိုင်မာလှသည်။ အားငယ်သည့် အရိပ်အရောင်ကိုပင် မတွေ့ရပါ။ သူ၏ စိတ်နှင့်

သူ၏ကိုယ်မှာ တခြားစီ ဖြစ်နေပါသည်။

နှစ်ယောက်သား စားသောက်၍ ပြီးကြသောအခါ ကျွန်တော်တို့နှစ်ယောက်သည် အတူတကွ လျှောက်လာကြပါသည်။ ထို့နောက်တွင်ကား ကိုလွန်းအောင်သည် သူနေသည့် သထုံကျောင်းဆောင်ဘက်သို့ ခွဲထွက်သွားပါသည်။ ကျွန်တော်မှာလည်း ကျွန်တော်လာသည့် လမ်းအတိုင်း ပြန်ခဲ့ရပါသည်။

ဤကား ထူးခြားဆန်းကြယ်လှသည့် ကိုသိန်းထိုက်နှင့် ကိုလွန်းအောင်တို့အား ကျွန်တော်စတင်တွေ့ဆုံခဲ့ရပုံပေတည်း။

× × ×

ဒုတိယနှစ် ဥပစာတန်းသို့ ကျွန်တော်ရောက်သည့်နှစ်တွင်မူ ကိုလွန်းအောင်သည် ဒုတိယနှစ် ဝိဇ္ဇာတန်းသို့ ရောက်နေပါပြီ။

“ညနေကျရင် ကိုသိန်းထိုက်နေတဲ့အိမ်သွားပြီး ညစာစားရအောင်”

တစ်နေ့တွင် ကိုလွန်းအောင်က ကျွန်တော့်အားပြောလာပါသည်။ ကိုသိန်းထိုက် ကဲ့သို့သောလူတစ်ယောက်၏အိမ်သို့သွား၍ ထမင်းစားရမည်ဆိုခြင်းမှာ ကျွန်တော့်အဖို့ လွန်စွာကျေနပ်ဖွယ်ရာ ဖြစ်ပါသည်။ ကျွန်တော်က စိတ်ထဲတွင် ကျေနပ်မှုကို ဖုံးကွယ်ကာ. . .။

“ကျွန်တော်နဲ့ ကိုသိန်းထိုက်ဟာ သိပ်ခင်တာမှ မဟုတ်ဘဲ သူနဲ့တစ်ခါတလေ စကားပြောဖူးရုံကလေးပဲ ရှိတာ. . .”

“ကိစ္စမရှိပါဘူး။ လိုက်သာလိုက်ခဲ့ပါ။ ကျုပ်က ဖိတ်တာပါ။ ကျွန်တော့်အတွက် ပါတီ

ပေးတာပါ။ သူကလဲ ခင်ဗျားကို ခင်ပါတယ်"

"ကောင်းပြီလေ. . . ကျွန်တော်လိုက်ခဲ့ပါမယ်"

စိတ်ထဲတွင်မူ ကိုလွန်းအောင်ကဲ့သို့ မသန်စွမ်းသူတစ်ယောက်က ကိုသိန်းထိုက်ကဲ့သို့ ကာယဗလ လိုက်စားသူနှင့် မည်သို့မည်ပုံ ရောထွေးခင်မင်စွာ နေနိုင်သနည်းဟု တွေးကာ အံ့သြနေမိပါသည်။ သူတို့ နှစ်ဦးအား မည်သို့မျှ ဆက်စပ်ကြည့်၍မျှ မရပေ။

ကိုသိန်းထိုက်ကား ကမာရွတ်ရွာသစ် ရပ်ကွက်ထဲတွင် အိမ်ငှား၍နေသူ ဖြစ်ပါသည်။ ကျွန်တော်တို့ရောက်သွားသောအခါ သူ့အိမ်တွင် ကျောင်းသားလေးငါးဦး ရောက်နှင့်နေသည်ကို တွေ့ရပါသည်။ ၎င်းတို့၏ နာမည်ကိုကား မမှတ်မိတော့ပါ။ သို့သော် သူတို့ကား ထိုစဉ်က တက္ကသိုလ်ကျောင်းတွင် ထင်ရှားသူများပင် ဖြစ်လေသည်။ ကျောင်းသားသစ်များသည် သူတို့အကြောင်းကိုသာ ပြောနေကြကာ သူတို့သွားလေရာရာတွင် ကျောင်းသား အဖော်များဝန်းရံနေသည့် သူများ ဖြစ်ပါသည်။ သူတို့ကား ရုပ်လက္ခဏာအားဖြင့်လည်း တင့်တယ်သူများ ဖြစ်ပေသည်။ ၎င်းတို့လူစုထဲတွင် တစ်ယောက်မှာမူ အသက်အားဖြင့် ငယ်ငယ်လေးရှိမည်ဖြစ်သော်လည်း ကျန်းမာရေး လိုက်စားသူ ဖြစ်သဖြင့် သူ၏ရုပ်လက္ခဏာမှာ လွန်စွာခန့်ညားလျက် ရှိလေသည်။ သူတို့လူအုပ်ကား တက္ကသိုလ် တစ်နယ်လုံး အထင်ကြီးခြင်းခံရသူများ ဖြစ်သော်လည်း သူတို့၏အနီးသို့ ကပ်၍ သူတို့

ပြောစကားများကို နားထောင်လိုက်ပါမူ မိန်းမအကြောင်းကို ညစ်ပတ်စုတ်ပွဲစွာ ပြောနေသည်ကိုသာ ကြားရပေသည်။

ကိုသိန်းထိုက်က သူတို့နှင့် ယှဉ်လျှင် တော်ပေသေးသည်။ သူတို့နှင့်လည်း အတူ မနေပေ။ ရွာသစ်ရပ်ကွက်၌ အိမ်ငှား၍ နေလေသည်။ အိမ်ရှင်မှာ သမီးလေးတစ်ယောက်နှင့် နေရသူ မုဆိုးမကြီးဖြစ်၏။ အဒေါ်ကြီးသည် ကွယ်လွန်သူက ထားရစ်ခဲ့သော အိမ်ကို ငှားကာ သမီးငယ်လေးအား ကမာရွတ်ရပ်ကွက်တွင်ရှိ တယောစွပ်ကျယ်စက်တွင် အလုပ်ဆင်းစေခြင်းဖြင့် အသက်မွေး၍ နေရရှာ၏။ မုဆိုးမကြီးသည် ကိုသိန်းထိုက်အတွက် ချက်ပြုတ်ရ၏။ သူ့သမီး မအေးကြည်မှာမူ အလုပ်အားသောနေ့များ၊ အလုပ်မဆင်းမီ အချိန်များ၌ မိခင်ကြီးကို ကူညီလုပ်ကိုင်ပေးရာက ကိုသိန်းထိုက်၏ အခန်းကို ရှင်းလင်းပေးရလေသည်။

ကျွန်တော် ရောက်သွားသောနေ့တွင် ကျွန်တော်တို့၏ ထမင်းစားပွဲသို့ မအေးကြည်ကလေးက ထမင်းဟင်းများကို သယ်ယူလာပေသည်။ ကျွန်တော့်အရင် ရောက်နှင့်နေသောလူစုကား အရက်ကလေး တမြမြ လုပ်နေကြလေသည်။

မအေးကြည်သည် မျက်လုံးဝိုင်းဝိုင်းနှင့်မိန်းမချောလေး ဖြစ်၏။ ကမာရွတ် တစ်ဝိုက်တွင် မကြာမကြာ တွေ့လေ့ရှိသော်လည်း ဤမျှချောသည်ကို သတိမထားမိခဲ့ချေ။ မိန်းကလေးသည် ကျွန်တော်တို့အတွက် စားသောက်ဖွယ်ရာများကို တည်ခင်းပေးပြီးနောက် ထွက်

ခွာသွားလေတော့သည်။

မအေးကြည်လေး အခန်းတွင်းမှ ထွက်သွားသည်နှင့် တပြိုင်နက် ဘသားချော တစ်စုမှာ မအေးကြည်အား ဝေဖန်ကြတော့သည်။ မအေးကြည်၏ ကိုယ်လုံးကိုယ်ပေါက်၊ ရင်သား၊ လမ်းလျှောက်ပုံ၊ ခါးဆွဲပုံ၊ ဖင်လှုပ်ပုံ စသည်တို့နှင့် စပ်လျဉ်း၍ ယုတ်ယုတ်မာမာ ပြောကာ ရယ်ကြလေသည်။ ကျွန်တော်ကား သူတို့ပြောစကားကို နည်းနည်းလေးမှ သဘောမကျပေ။ သဘောမကျလိုက်သည်မှာ ယခု ဤစာရေးနေသည့် အချိန်အထိပင် ဖြစ်၏။ အကြံအတွေ့များလှသည့် ယခုဘဝမှာပင် သည်လိုအပြောမျိုးကို မနှစ်မြို့လှ။

မိန်းမဆိုသည်မှာ ဝေဖန်စရာ မဟုတ်။ ချစ်ခင်စရာသာ ဖြစ်သည်ဟု ကျွန်တော်က ယူဆထားပေသည်။

ဘသားချောတစ်စုက အားတက်သရော ပြောနေသော်လည်း ကိုသိန်းထိုက်ကမူ ဘာမျှမပြောသဖြင့် ကျွန်တော့်မှာ ကိုသိန်းထိုက်ကို ကြည်ညိုမိခဲ့လေသည်။ ပြောနေသူများကို မတားမြစ်သော်လည်း အားပေးခြင်းလည်း မပြုပေ။ သူကဲ့သို့ ရုပ်လက္ခဏာရှိသူ၏ ဝင်းလက်တောက်ပသော နှုတ်ဖျားအတွင်းမှ ဤသို့ယုတ်မာသော စကားများ ထွက်မလာသင့်ဟု ထင်မိပေသည်။ သူ့ရုပ်လက္ခဏာမှာ လူငယ်များ ကြီးပွားရေးအသင်း စသည်တို့၌ ရောဂါသန့်ရှင်းစွာဖြင့် ကိုယ်ခန္ဓာကို မည်သို့ ကျန်းမာအောင်နေသင့်ကြောင်း ဟောပြောရမည့် ရုပ်မျိုး ဖြစ်ပေသည်။ နောင်သော

အခါ၌ ကိုသိန်းထိုက်သည် ဝတ်လုံးလေးဘဝဖြင့် ဤစကားကို ပြောခဲ့ပါသေးသည်။

ကျောင်းတော်သားကြီးများ၏ အရက်နံ့သင်းသည့် ညစ်တီးညစ်ပတ် စကားသံကို နားခံရင်း ကျွန်တော်သည် ကိုလွင်န်းအောင်အား အကဲခတ်မိပါသည်။ ကိုလွင်န်းအောင်အား အကဲခတ်ရသည်မှာ မျက်လုံးကို ကြည့်ရုံမျှဖြင့် သိသာနိုင်ပါသည်။ သူ၏ မျက်လုံးများသည် သူ၏စိတ်ကို ဖော်ပြတတ်ပါသည်။ ထိုညနေက သူ့မျက်လုံးများဖြင့် ကိုသိန်းထိုက်တို့လူစုအား မနှစ်မြို့စွာ ကြည့်နေပါသည်။ သူတို့လူအုပ်သည် သူတို့အချင်းချင်း မဟုတ်တမ်းတရားတွေကို ပြောနေသော်လည်း ကိုလွင်န်းအောင်ကိုမူ လေးစားကြပါသည်။ မကြာမကြာ ကိုလွင်န်းအောင်၏မျက်နှာကို လှမ်းကြည့်ကာ အချင်းချင်း အရှိန်သတ်ကြပါသည်။ ကျွန်တော့်စိတ်တွင် ကိုလွင်န်းအောင်ကဲ့သို့ အရုပ်ဆိုး အကျည်းတန် မသန်မစွမ်းတစ်ယောက် ကိုသိန်းထိုက်ကဲ့သို့သော လူချောလူခန့်များ အကြားတွင် အားထားရာ အရှိအသေပြုရာ တစ်ခုဖြစ်နေသည်မှာ အံ့မဆုံးနိုင်အောင် ဖြစ်ပါလေသည်။

ကျွန်တော်သည် ထိုနေ့က သူတို့ပြောသမျှ စကားကို နားထောင်နေရင်း ငြီးငွေ့စိတ်ပျက်လာရုံမက ထမင်းစားရသည်မှာလည်း ငြီးလာသဖြင့် မေးကနဲ ဖြစ်သွားပါသည်။ အဘယ်မျှကြာခဲ့သည်မသိ။ ကိုလွင်န်းအောင်က လှုပ်နှိုးမှပင် နိုးလေတော့သည်။

“ကဲ ပြန်ကြစို့လား”

ကိုသိန်းထိုက်၏ အိမ်မှ ပြန်၍ လမ်းပေါ်သို့ရောက်တော့မှ တိုက်ခတ်လျက်ရှိသော လေအေးကြောင့် ကျွန်တော်၏ဦးနှောက်မှာလည်း ကြည်လင်၍ လာပါတော့သည်။ ဤတွင် စောစောက ကျောင်းတော်သားများ၏ အပြောအဆိုကို ကျွန်တော် မကြိုက်လှကြောင်း ပြောရာ ကိုလွန်းအောင်ကလည်း သဘောတူပါသည်။

"ညစ်ညစ် ပတ်ပတ်တွေ ပြောတာတော့ကိုယ်လဲမကြိုက်ပါဘူး. . ."

"ဒါနဲ့တောင် ကိုသိန်းထိုက်က ဒီငနဲတွေကို ဘာကြောင့် ပေါင်းရပါ လိမ့်"

"ကိုသိန်းထိုက်ကတော့ သူ့လူရအောင် စုတဲ့သဘောပါပဲကွာ။ ဒီငနဲတွေနဲ့ ပေါင်းတာမှာ တခြား ဘာဘာညာညာ တွယ်တာမှုရယ်လို့တော့ ရှိဟန်မတူပါဘူး။ ကိုသိန်းထိုက်က သဘောထားကြီးပါတယ်။ သူဟာ လူတိုင်းကို ခင်တတ်တယ်။ သူ့ကိုလည်း လူတကာက ခင်စေ့ချင်တယ်။ ကိုယ်ကလဲ အဲဒါကို သဘောကျတယ်"

"လောကမှာ လူအမျိုးမျိုး ရှိတယ်ဆိုတာ သူသတိမထားမိဘူးထင်ပါရဲ့"

"ဟုတ်ပါရဲ့။ သတိမထားမိဘူး ထင်ပါရဲ့"

ကိုလွန်းအောင်သည်နောက်ထပ် စကားဆက်၍ မပြောတော့ဘဲတိတ်ဆိတ်စွာလျှောက်လာပါသည်။

ကိုလွန်းအောင်သည် ကျွန်တော်၏စကားကြောင့် စိတ်ရှုပ်သွားဟန်တူသည်။ ထိုစဉ်က ကျွန်တော်၏စကားကြောင့် သူစိတ်ရှုပ်ခဲ့သည့်အချက်ကို သ

ဘောမပေါက်လှပါ။ သို့ရာတွင် ယခုကဲ့သို့ သူတို့၏ ဇာတ်လမ်းကို အစအဆုံး သိလာရသည့်အခါတွင်မှ ထိုစဉ်က သူ့မျက်နှာထားကို ကောင်းစွာနားလည်နိုင်ခဲ့ပါတော့သည်။

ကျွန်တော်တို့ နှစ်ယောက်သည် ပြည်လမ်းမှ ထွက်ခဲ့ကာ ဂျပ်ဆင်လမ်းအတိုင်း ဝင်ခဲ့ပြီး ပင်းယ ကျောင်းဆောင်ဘက်သို့ ထွက်လာကြပါသည်။ ပင်းယကျောင်းဆောင်သို့ ရောက်သောအခါ လူချင်းခွဲကြပါတော့သည်။

"ဘယ့်နှယ်လဲ. . . ကိုသိန်းထိုက်ဆီ နောက်ထပ် သွားချင်စိတ် ရှိသေးရဲ့လား"

"အို. . . ဘာဖြစ်လို့လဲ. . . ကိုလွန်းအောင်။ သွားကြသေးတာပေါ့။ ခေါ်ပါ။ ကျွန်တော်လိုက်ပါ့မယ်. . ."

စင်စစ်အားဖြင့် ကျွန်တော်သည် ကိုသိန်းထိုက်ထံသို့ နောက်ထပ် မသွားလိုလှပါ။

× × ×

ထိုနေ့ ညနေမှစ၍ ကမာရွတ်ဘက်၊ အင်းစိန်လမ်းနှင့် ပြည်လမ်းဘက်သို့ ရောက်တိုင်း မအေးကြည်လေးအားကောင်းစွာ သတိထား၍ ဂရုတစိုက်ကြည့်မိခဲ့ပါသည်။ အထူးသဖြင့် ကိုသိန်းထိုက်၏ အိမ်သို့ သွားသောအခါတွင် သာ၍ သတိထားမိပါသည်။ သူ၏အလှမှာ ရိုးသားစင်ကြယ်သော အလှဖြစ်ပါသည်။ မြင်သူတိုင်း ကရုဏာဝေစေပါသည်။ သည်လိုရုပ်ရည်မျိုးမှာ သူတို့တတွေက စေတနာထားလာလျှင် ထိုစေတနာကို ဖယ်ရှား၍ ရနိုင်ခဲသည့်ရုပ် ဖြစ်ပါသည်။

သူသည် ကိုသိန်းထိုက်၏

အဝတ်အထည်များကို လျှော်ဖွတ်ပေးကာ ကျွေးမွေးခဲ့သော်လည်း ကိုသိန်းထိုက်နှင့် ဟက်ဟက်ပက်ပက် စကားပြောသူ မဟုတ်ပါ။ ကိုသိန်းထိုက်နှင့် ကျွန်တော်တို့တတွေကို ကြည့်သည့်မျက်လုံးမှာလည်း နွားသူငယ်၏ မျက်လုံးကဲ့သို့ လေးစားရှိသေသည့် အသွင်ကို ဆောင်နေပါသည်။ ကိုသိန်းထိုက်ကမူ ထိုမိန်းကလေးအား လုံးဝဂရုမစိုက်ပါ။

မအေးကြည်လေး၏ မိခင်မှာမူ ကိုယ်ခန္ဓာဝဖြိုးသလောက် စိတ်ထက်ဟန် တူပါသည်။ ကျွန်တော်၏စိတ်တွင် အဘယ်ကြောင့်ဟူ၍ မသိရ။ ထိုစဉ်အခါကပင် မအေးကြည်ကလေး၏ အကြည့်သည် ကျယ်ဝန်းသော အမိပွာယ်ကို ဆောင်နေသည်ဟု ထင်မိခဲ့ပါသည်။

ထိုနှစ် သီတင်းကျွတ် ကျောင်းပိတ်ရက်က မော်လမြိုင်တွင်နေသည့် ကိုသိန်းထိုက်၏မိခင်နှင့် အစ်မဖြစ်သူတို့ ရောက်လာကြပါသည်။ ကိုသိန်းထိုက်၏ မိခင်သည်လည်း ပြည့်ဝစိုပြေသော ကိုယ်လုံးနှင့် တကွ ခန့်ညားချောမောလှသည့် မိန်းမကြီး တစ်ဦးပင်။ ကိုသိန်းထိုက်ကဲ့သို့ပင် အကောင်းစား အဝတ်တန်ဆာများကို ဆင်ယင်ထားကာ စိန်ရောင် လက်လျှက် ရှိလေသည်။ မိန်းမကြီးနှင့် ပတ်သက်သမျှ အသုံးအဆောင်တိုင်းမှာ အဖိုးတန်များ ဖြစ်ကြလေသည်။

ကိုသိန်းထိုက်၏ အစ်မကား ဤသို့မဟုတ်ပေ။ ပိန်သေးသွယ်လျသော ကိုယ်ခန္ဓာတွင် ရှည်လျားသည့် မျက်နှာကြောင့် လှသင့်သလောက် မလှဘဲ ဖြစ်

နေလေသည်။ ကိုသိန်းထိုက်ထက် ငါးနှစ်ခန့် ကြီးသည်ဟု ဆိုလေသည်။ သူတို့ မောင်နှမနှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် ရုပ်ချင်း လဲလှယ်လိုက်ပါမှ အဆင်ပြေမည်ဟု ကျွန်တော် တွေးမိခဲ့လေသည်။

ကိုသိန်းထိုက်၏ မိခင်နှင့် အစ်မတို့ကား ကိုသိန်းထိုက်အား မြတ်နိုးချစ်ခင်ကြလေသည်။ ထို့ကြောင့်လည်း ကိုသိန်းထိုက်သည် ဤမျှ ပျက်စီးနေခြင်းဖြစ်ပေသည်။ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် မိဘထံသို့ ပြန်သွားသင့်ပါလျက် မပြန်ဘဲ နေခြင်းကြောင့် တွေ့ချင်လှသည့် အမေနှင့်အစ်မက လာတွေ့ရ၏။ တောင်းကြီး၊ တောင်းငယ်၊ အထုပ်ကြီး၊ အထုပ်ငယ်တို့ဖြင့် စားသောက်ဖွယ်ရာများကို ယူဆောင်ခဲ့၏။ ကိုသိန်းထိုက် ကြိုက်တတ်သည့် စားစရာဟုဆိုကာ ကြက်ကလေးကောင်လုံးကြော် လေးငါးကောင်ပင် ပါသေး၏။

သူ့အမေနှင့် အစ်မတို့၏ ဂရုစိုက်မှုကို ကျွန်တော်က စကားစပ်၍ ပြောမိသောအခါ ကိုလွန်းအောင်က. . .

"အဲဒါကတော့ ခင်ဗျားပဲ စဉ်းစားကြည့် ကိုထွေးမောင်။ ကိုသိန်းထိုက်ရဲ့ အဖေဟာ ကိုသိန်းထိုက် ငါးနှစ်သားကတည်းက သေသွားတယ်။ အဲဒီတော့ အမေနဲ့ အစ်မရဲ့အချစ်တို့ ဂရုစိုက်မှုတို့ဟာ သူ့အပေါ်မှာ စုပုံကုန်တော့တာပေါ့။ နောက်ပြီး သူတို့က ချမ်းသာတယ် မဟုတ်လား"ဟု ပြောပါသည်။

ကျွန်တော့် အဖို့တွင် ကိုသိန်းထိုက်၏ မိခင်နှင့် အစ်မ

တို့ကို မနှစ်ခြိုက်လှပေ။ ကိုသိန်းထိုက်၏ အစ်မကို ကြည့်ရသည်မှာ သူ့မောင်၏ ချစ်ခြင်းကို ခံရသူဆိုပါက ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ မုန်းတတ်သည့်စိတ်မျိုးရှိကြောင်း သိသာထင်ရှားပါသည်။ အကောင်းစားများကိုသာ ဆင်မြန်းလေ့ရှိသည့် မိန်းမကြီးလည်း ကျွန်တော့်အား အခြေအနေမဲ့ ဇနပုဒ်သားလေး တစ်ယောက်ကို ကြည့်ပုံမျိုး ကြည့်တတ်၏။ ကိုလွန်းအောင်ကိုလည်း ကိုလွန်းအောင်၏ ထက်မျက်သော ဦးနှောက်နှင့် ပညာကောင်းပုံကို လေးစားခြင်း မရှိဘဲ သူတို့၏ သားထူး သားမြတ်အား ခစားမှီခိုနေသူ၊ သား၏ ခိုင်းစေရာအဖြစ် စွဲမှတ်ထားသည့် အသွင်ကို ဆောင်နေပါသည်။ ထို့ကြောင့် ၎င်းတို့ သားအမိရှိနေသည့် အခိုက်အတန့်အတွင်းကိုလွန်းအောင်နှင့် ကျွန်တော်တို့သည် ကိုသိန်းထိုက်ထံ မသွားဘဲ နေနိုင်သမျှ နေပါသည်။

မအေးကြည်လေး၏ အမေကလည်း သူတို့အား သိပ်သဘောမကျလှပေ။ သူတို့သားအမိသည် မအေးကြည်လေးအား အစေခံသဖွယ် ခိုင်းစေခဲ့ပေသည်။

ကျွန်တော်သည် ကိုသိန်းထိုက်၏မိခင်နှင့် အစ်မကို သဘောမကျလှသော်လည်း၊ သူတို့နှင့် သိကျွမ်းရသည့်အတွက် ဝမ်းသာမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုသိန်းထိုက်၏ ဘဝကို စာပေဝါသနာပါသူ စာရေးဆရာ လုပ်မည့်သူအနေဖြင့် ကျွန်တော် ရုပ်လုံးဖော်ရာ၌ ပြည့်စုံစွာ ဖော်နိုင်သော

ကြောင့် ဖြစ်ပါသည်။

ထိုစဉ်အခါက ကျွန်တော့်စိတ်တွင် ကိုသိန်းထိုက်၏ဘဝမှာ ပြည့်စုံနေလွန်းလှသည်ဟု ထင်မိခဲ့ပေသည်။ ရုပ်ချောသည်၊ ကာယဗလနှင့် ပြည့်စုံသည်၊ အပေါင်းအသင်းဆန့်သည်၊ ချမ်းသာသည်၊ ချစ်မည့်သူ ဂရုစိုက်မည့်သူတွေ ပေါလှသည်၊ တက္ကသိုလ်နယ်တွင် နာမည်ကြီးသည့် ကစားခုန်လွှားသမား တစ်ဦးလည်း ဖြစ်သည်။ အသက် နှစ်ဆယ်ကျော်ကျော်ကလေးနှင့် ငယ်ရွယ်သူတို့ ရတတ်ခဲလှစွာသော တောက်ပမှုများကို ရနေသူ ဖြစ်ပေသည်။ သူ့ကို ကြည့်ရသည်မှာ နေထိုင်မကောင်းသည့်အခါဟူ၍ မတွေ့။ ဘာမဆို သူမလုပ်ရဲသည့်အရာဟူ၍မရှိ။ သူသည် ထိုစဉ်တက္ကသိုလ်ကျောင်းအုပ်ကြီးကိုလည်း အချိန်မရွေးဝင်၍ စကားပြောရဲသည်။ မည်မျှပင်ပရိသတ် ထူစေကာမူ မထစ်မငေါ့ စကားထ၍ ပြောနိုင်သည်။

ကိုသိန်းထိုက်၏ အမေနှင့် အစ်မများ ပြန်သွားကြပြီးနောက် ရက်အတော်ကြာကြာမျှ ကျွန်တော်သည် ကိုသိန်းထိုက်နှင့် မတွေ့ခဲ့ရပေ။ ထိုမှ စာမေးပွဲများ နီးကပ်လာသည့်ရက်ပိုင်းသို့ ရောက်ခဲ့လေသည်။ တစ်ညတွင်မူ ကျွန်တော်သည် ပျင်းပျင်းရှိလှသဖြင့် ကိုလွန်းအောင်၏ အခန်းဆီသို့ အလည်အပတ် သွားမိလေရာ အခန်းထဲတွင် အပြင်ဘက်ကို ကျောပေးကာ ငေးနေသော ကိုသိန်းထိုက်နှင့် ကိုသိန်းထိုက်ကို စိုက်ကြည့်နေသော ကိုလွန်းအောင်အား တွေ့ရပါသည်။

ကျွန်တော် အခန်းဝသို့ ရောက်သောအခါ စိတ်မရှည်နိုင်သည့် ဟန်ဖြင့်ပြောနေသော ကိုလွန်းအောင်၏စကားသံကို ကြားရပါတော့သည်။

"ဒီလောက်ရှင်းပြရင် နားလည်ဖို့ကောင်းပါပြီ။ ရှင်းပြရတာလဲ အခါနှစ်ဆယ်လောက်ရှိနေပါပြီ"

ကျွန်တော်က တံခါးကို တွန်း၍ ဝင်လိုက်သောအခါ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ကို လှည့်ကြည့်ကြပါသည်။ ဤတွင် သူတို့နှစ်ယောက် ကျွန်တော့်အား မလာစေချင်သည့်စိတ်ပေါ်နေကြောင်း ရိပ်မိလိုက်ပါသည်။ ထူးခြားသည့်အချက်မှာ ထာဝစဉ် အောင်ပွဲဆင်ခဲ့သည့် ကိုသိန်းထိုက်သည် ကိုလွန်းအောင်၏ ရှေ့မှောက်တွင် "ဆိုလျှင်မတုံ့ ယုံလျှင် ကျုံ့ဖို့" ဟူသည့်အတိုင်း ခေါင်းငိုက်စိုက်နှင့်ဖြစ်နေခြင်း၊ တက်ကြွတောက်ပခြင်းတို့ကား ကိုသိန်းထိုက်၏ကိုယ်မှ ထွက်ခွာနေကြပေပြီ။ ရှက်ခြင်း၊ စိုးရိမ်ခြင်း၊ စိတ်ပျက်ခြင်းတို့၏ အရောင်များသည် သူ၏မျက်နှာကို ဖုံးလွှမ်းလျက် ရှိလေသည်။

ခန့်ညားခြင်းကို ဆောင်နေသူကား ကိုလွန်းအောင် ပေတည်း။ သေးသွယ်ချိနဲ့သော ကိုယ်ခန္ဓာ၌ ခိုင်မာခြင်း၊ စိုးမိုးခြင်းတို့ကို ဖော်ပြလျက် ရှိ၏။ သေးငယ်သည့် မျက်နှာပင် ဖြစ်သော်လည်း တောက်ပြောင်လျက်ရှိသည့် မျက်လုံးမှာ အရောင်တလက်လက် ထွက်နေလေ၏။ ထိုအခိုက်အတန့်တွင် ထိုမျက်နှာမှာ ကျက်သရေကို ဆောင်လျက်ရှိပေသည်။

ကျွန်တော့်ကို တွေ့ရသော

အခါတွင်မူ နှစ်ယောက်စလုံး လှုပ်ရှားသွားကြလေသည်။ ကိုလွန်းအောင်သည် သူ၏လက်ထဲမှ စာရွက်ကို ချလိုက်၏။ ကိုသိန်းထိုက်ကမူ ဟင်းကနဲ သက်ပြင်းချကာ အမောဖြေရင်း ကျွန်တော့်ကို ပြုံး၍ ကြည့်နေလေသည်။

"ကျွန်တော် လာတာ အနှောက်အယှက် ဖြစ်နေသလားခင်ဗျာ. . ."

ကျွန်တော်က ပရိယာယ်ကင်းမဲ့စွာ ရှင်းရှင်းပင် မေးလေရာ ကိုလွန်းအောင်က ပြုံးလိုက်ပြီး "အရေးမကြီးရင်လဲ တော်တော်ကြာမှ လာဗျာ။ ကိုယ်တို့ကိစ္စ ရှိနေလို့ပါ. . ." ဟု ပြောပါသည်။

"ဟုတ်ကဲ့ ကောင်းပါပြီ"

တစ်နာရီခန့် အကြာတွင် ကျွန်တော် နောက်ထပ် တစ်ခေါက်လာခဲ့ရာ အခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသော ကိုလွန်းအောင်အား တွေ့ရလေတော့သည်။ ကိုလွန်းအောင်သည် ထိုညက ကျွန်တော့်မျက်စိထဲတွင် အဘယ်ကြောင့် ထိုမျှကြည့်၍ အဆင်ပြေနေသည်ကို ကျွန်တော် စဉ်းစား၍ မရပါ။ ကိုလွန်းအောင်သည် စာအုပ်တစ်အုပ်ကို လက်တွင်ကိုင်ရင်း ပက်လက်ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ စဉ်းစား၍ နေပါသည်။ ကျွန်တော်ဝင်လာတော့မှ မှိန်းနေသော မျက်လုံးကို ဖွင့်လိုက်ပါသည်။

"ကိုသိန်းထိုက်ကြီး စာမေးပွဲအတွက် စာပြနေရတယ် ထင်ပါရဲ့"

ကျွန်တော်က ကုလားထိုင်တွင် ဝင်၍ထိုင်ရင်း ပြောမိပါ

သည်။

"ဟာဗျာ ဒီလောက် ထုံထိုင်းဖျင်းတဲ့လူအမျိုး မတွေ့ဖူးပါဘူးဗျာ။ အတော်ချာတဲ့လူ"

ကျွန်တော်သည် အတော်ကြာမျှ တိတ်ဆိတ်စွာ နားထောင်နေပြီးမှ "ဘာလဲ အတော်ပဲပြပေးနေရသလား" ဟု မေးမိလေ၏။

"ဟာ ပြရတာမှ မနည်းပါဘူး။ ခက်တယ်။ သူတို့အဖို့ ကျောင်းနေရတာက ဘောလုံးကန်ဖို့လောက်ပဲ မှတ်နေတယ်။ ဘာမှ စာနဲ့ပတ်သက်ပြီး ဂရုမစိုက်ဘူး။ ဘာမှ မတတ်ဘူး။ အသင်းတွေ အဖွဲ့တွေ စကားပြောပွဲတွေမှာ သူဟာ ဘာဖြစ်လို့ ဒီလောက် စကားပြောကောင်းတယ်လို့ နာမည်ကြီးနေတယ်လို့ထင်သလဲ။ သူပြောတဲ့စကားတွေကလည်း ဘယ်သူ ရေးတယ် ထင်သလဲ။ ကိုယ်ရေးရတာတွေချည့်ပဲ။ ကိုယ်က သူ့ကို အလွတ်ကျက်ကျက်ခိုင်းရတယ်။ ဒီလောက် ဉာဏ်ထိုင်းတဲ့လူကို ဒီလို စကားတွေ ပြောတတ်လာအောင်ဘယ်လောက် သင်ရတယ် မှတ်သလဲ သူ့ဘာသာသူ အအအတိုင်း နေတာကို သင်ပေးရတာထက်ကောင်းသေးတယ်။ သူဟာ ဘောလုံးကန်တတ်တာပဲ ရှိတယ်။ သူ့စိတ်ထဲမှာ သူလိုချင် သမျှကို နတ်သိကြားတွေက အမြဲဖန်တီးပေးမယ်လို့ ထင်နေတယ်။ ကိုယ်လိုချင်တာကို ရအောင် ဘယ်လိုကြိုးစားရတယ် ဆိုတာကိုတော့ သူမသိဘူး။ လူကသာ ဖျင်းတာ လူတကာရဲ့ ခင်မင်မှုကိုလည်း လိုချင်တယ်။ နာမည်လည်း ကြီးချင်တယ် ထို့"

ကျွန်တော်သည် ဘာပြောရ

မည်ဟူ၍ မသိသဖြင့် မပြောဘဲ ငေးနေမိလေ၏။

"ဆိုးတာက စာမေးပွဲပဲ။ ကိုယ်က သူ့ကို အားလုံးမှတ်မိလာအောင် လုပ်ပေးရတယ်"

ကိုလွန်းအောင်သည် သက်ပြင်းတစ်ချက်ချကာ လက်တွင်းမှ စာအုပ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး "တစ်ခါတလေတော့လဲ ကြိုးစားသမျှ အလကားဖြစ်မှာပဲလို့ထင်တယ်" ဟု လေးဆေးစွာ ပြောလေ၏။

ထို့နောက် ကျွန်တော်နှင့် ကိုလွန်းအောင်သည် အညောင်းပြေ လမ်းလျှောက်ကြပါသည်။ ကိုသိန်းထိုက်၏ အကြောင်းကိုကား နောက်ထပ် စကားမစတော့ပါ။ ကျွန်တော်၏စိတ်ထဲကမူ ဒီလောက်ဖျင်းတဲ့လူကို ခင်ဗျားက ဘာဖြစ်လို့ ဒီလို ဂရုစိုက်နေရတာလဲဟု မေးလိုလှသော်လည်း ကိုသိန်းထိုက်၏ ပညာနှင့် ကိုယ်ကျင့်တရားကို လေးစားသည်က တစ်ကြောင်း၊ အကယ်၍ ကျွန်တော် မေးလိုက်သော စကားသည် ကိုသိန်းထိုက်အဖို့ စိတ်ဆိုးစရာဖြစ်နေမည်ကို စိုးရိမ်သည်က တစ်ကြောင်းတို့ကြောင့် မမေးဘဲ နေခဲ့ရပါသည်။

× × ×

နောက်တစ်နေ့တွင်မူ ကျွန်တော်မှာ ဥပစာအထက်တန်းအောင်ခဲ့သော်လည်း တက္ကသိုလ်တွင် ဆက်လက်နေထိုင်နိုင်သည့် ခွန်အား မရှိတော့သဖြင့် မြန်မာ့အလင်းသတင်းစာတိုက်တွင် သတင်းထောက်အဖြစ် ဝင်ရောက် လုပ်ကိုင်ရင်း ကျောင်းတွင်ရှိ သူငယ်ချင်းများထံတွင် လှည့်လည်၍ ဂျပိုးကျနေရပါတော့သည်။

ထိုအချိန်တွင် ဥပဒေပထမ နှစ်သို့ ရောက်နေကြသော ကိုလွန်းအောင်နှင့် ကိုသိန်းထိုက်တို့အနက် ကိုသိန်းထိုက်မှာ အစွန်ကြီး စွန်လျက် ရှိပါသည်။ ထိုနှစ်က ကျောင်းသား သမဂ္ဂတွင် ဥက္ကဋ္ဌအဖြစ်ကိုပင် ရွေးကောက်ခြင်း ခံရပါသည်။ အစည်းဝေးပွဲများ တွေ့ဆုံဆွေးနွေးပွဲများ၌ ပြောသော ကိုသိန်းထိုက်၏စကားများမှာ တက္ကသိုလ်ကျောင်းသားများကိုသာမက ကျောင်းအုပ်ကြီးနှင့်တကွ ကြွလာသူ နိုင်ငံရေးသမား ဧည့်သည်တော်များပင်လျှင် ချီးမွမ်းထောပနာ ပြုဘာပေးခြင်းခံရပေသည်။

သူကား တက္ကသိုလ်တွင် အထင်ရှား အကျော်ကြားဆုံးသော သူအဖြစ်သို့ ရောက်နေပေပြီ။ သူသွားလေရာတွင် ကျောင်းသား များစွာတို့မှာ ကိုယ်ရံတော် စစ်တပ်ပမာ ဝန်းရံလျက်ရှိ၏။ တက္ကသိုလ်မှ ကထိကများကပင်လျှင် သူ့အားရင်းနှီးဖော်ရွေ လေးစားစွာ ဆက်ဆံကြ၏။ သူ့ကိုကြည့်ရသည်မှာ ဝန်ကြီးဖြစ်ကာစ လူတစ်ယောက်ကို သာပေါင်းညာစားတို့ ဝိုင်းနေသည်နှင့် တူလှဘိသည်။ စင်စစ် ကိုသိန်းထိုက်မှာ ကျွန်တော် တွေ့ဖူးသမျှ ယောကျ်ားထဲတွင် အချောဆုံး အခန့်ဆုံး ဖြစ်ပေသည်။

စာသင်ချိန်များတွင် ကျွန်တော့်မိတ်ဆွေ ကိုလွန်းအောင်မှာ နောက်ဆုံးခုံတန်း၌သာ နေလေ့ရှိ၏။ အရပ်ရှည်သော သူများ၏ နောက်တွင် ဝင်ထိုင်ပါက ကိုလွန်းအောင်အား မြင်ရရန် ခဲယဉ်းလှပေသည်။

တစ်နေ့တွင်မူ ကိုလွန်း

အောင်နှင့် ကျွန်တော်သည် ကိုသိန်းထိုက်၏အိမ်သို့ အလည်သွားမိပါသည်။ ထိုနေ့မှာပင် မော်လမြိုင်မှ ရောက်လာသော ကိုသိန်းထိုက်၏ အမေနှင့် အစ်မတို့ကို တွေ့ရပြန်သည်။ ကိုသိန်းထိုက်၏အမေသည် ယခင်ကထက်ကောင်းသော အကောင်းစား၊ အဝတ်တန်ဆာများကို ဝတ်ဆင်ထားပါသည်။ ၎င်းတို့နှင့်အတူ တင်တင်လတ်ဟူသော မိန်းကလေး တစ်ယောက်ကိုလည်း တွေ့ရပါသည်။ ထိုမိန်းကလေးကား ရန်ကုန်မြို့မှ နာမည်ကြီး ဆန်စက်သူဌေးတစ်ဦး၏ သမီး ဖြစ်ပါသည်။ မိန်းကလေး ပိုင်ဆိုင်သော နောက်ဆုံးပေါ် ကားသစ်ကြီးမှာ အိမ်ရှေ့တွင် ရပ်ထားပါသည်။

ကျွန်တော် ရောက်သွားသောအခါ မြို့ထဲရှိ တင်တင်လတ်၏ အိမ်သို့ သွားရန်အတွက် ကိုသိန်းထိုက် တစ်ယောက် အလုပ်များနေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် ကိုသိန်းထိုက်နှင့် ကိုလွန်းအောင်တို့ စကားပြောနေကြခိုက် တင်တင်လတ်ကို အကဲခတ်၍ နေမိပါသည်။ တင်တင်လတ်ကား တရုတ်ကပြား ဖြစ်သဖြင့် ဖြူဝင်းသောအသားနှင့် ပြည့်ဖြိုးသော မျက်နှာကို ဆောင်လျက် ရှိလေသည်။ တစ်ကိုယ်လုံး ချယ်သ ပြုပြင်ထားသဖြင့် ရွှန်းရွှန်းလက်လျက်နေလေသည်။

ကိုသိန်းထိုက်က ငေးနေသော ကျွန်တော့်အနီးသို့ လာကာ. . . တင်တင်လတ်နှင့် သူ့အား မိဘများက စေ့စပ်ထားကြသဖြင့် မကြာမီ မင်္ဂလာ

ဆောင်ရန် စိတ်ကူးကြောင်း ပြောပြပါသည်။ ဥပဒေ သင်တန်း မဆုံးမီအတွင်းမှာပင် လက်ထပ်လိုကြောင်း ပြောပြပါသည်။

ကိုသိန်းထိုက်ကား ကံကောင်းလှသူပါတကား။ ကျွန်တော်သည် ဘာမှမပြောနိုင်ဘဲ ငေး၍သာ ကြည့်နေမိလေသည်။

ထိုနှစ်တွင်ပင် ကိုသိန်းထိုက်နှင့် တင်တင်လတ်တို့သည် မင်္ဂလာဆောင်ခဲ့ကြလေသည်။ ရန်ကုန်မြို့ ဂျူပလီဟောတွင် လက်ထပ်ပွဲကြီးကို သိုက်မြိုက်စည်ကားစွာ ကျင်းပခဲ့လေသည်။ မင်္ဂလာဆောင်ပြီးသည့်နောက်တွင်ကား ကိုသိန်းထိုက်သည် တင်တင်လတ်တို့ အိမ်မှ ကားသစ်ကြီးဖြင့် ကျောင်းတက်လေသည်။

ကိုလွန်းအောင်သည်လည်း ကျောင်းဆောင်တွင် မနေတော့ဘဲ မြို့ထဲတွင် နှစ်ခန်းတွဲအိမ်ကလေး တစ်အိမ်ကို ငှားပြီး ကျွန်တော့်ကိုပါ အတူနေရန် ခေါ်သဖြင့် အတူနေကြရလေသည်။ ထိုအချိန်က ကျွန်တော့်မှာ သတင်းစာတိုက်တွင် ဖြစ်သလိုနှင့် စခန်းသွားနေရချိန် ဖြစ်ရာ ကိုလွန်းအောင်နှင့် အတူ နေရသည်ဆိုစေကာမူ အလုပ်တွင် အချိန်ကုန်သည်က များလေသည်။ ကိုလွန်းအောင်နှင့် အတူနေရမှပင် ကိုလွန်းအောင်၏ဘာဝကို ကောင်းစွာ သိလာရတော့သည်။ ကိုလွန်းအောင်၏ စိတ်သဘောထား၊ ပညာဉာဏ်၊ ဆုံးဖြတ်တတ်သည့်စိတ်၊ ကိုယ်ကျင့်တရားတို့မှာ သူ၏ မစွမ်းမသန်ဘာဝကို ဖုံးလွှမ်းထားကြ၏။ ကျွန်တော်

နှင့် ကိုလွန်းအောင်၏ ခင်မင်မှုမြဲစွဲလာလေလေ ကိုလွန်းအောင်၏ အကြောင်းစုံကို သိလာလေလေ ဖြစ်လေသည်။ ကိုလွန်းအောင်၏ဘဝကား ထူးခြားလှပေသည်။ ကိုလွန်းအောင်နှင့် ပတ်သက်၍ မသိရသေးသော အကြောင်းများကိုလည်း သိလာရလေသည်။

ကိုလွန်းအောင်တို့ သားအဖ ဆက်ဆံပုံမှာလည်း ဆန်းလှပေသည်။ ကိုလွန်းအောင်၏ ဖခင်ကား ပညာတတ် သလောက် ရုပ်လက္ခဏာ ကောင်းသလောက် မူးယစ်ပေတေ နေခဲ့သူ ဖြစ်၏။ သားဖြစ်သူမှာ အသိအလိမ္မာပညာရှိသော်လည်း မစွမ်းမသန် ဖြစ်နေ၏။ ကိုလွန်းအောင်သည် သူ၏ ဖခင်အား ကြည်ညိုလေးစား သော်လည်း မနှစ်မြို့လှပေ။

"တကယ်ဆိုတော့ အဖေဟာ သိပ်တော်တဲ့လူဗျ။ အစစအရာရာ သူတတ်သိနားလည်တယ်။ ဒါပေမဲ့ သူ့မှာ အလိမ္မာ မရှိဘူး။ ချင့်ချိန်မှု မရှိဘူး။ အဖေဟာ အခုလက်ရှိ နိုင်ငံရေးခေါင်းဆောင်တွေထက် နိုင်ငံရေးမှာ နှစ်ဆသာတယ်။ အခုလက်ရှိ နိုင်ငံရေးခေါင်းဆောင်အချို့ဟာ အဖေ့ဆီက အကြံဉာဏ် တောင်းကြရတယ်။

ကိုလွန်းအောင်သည် အတန်ကြာ ငြိမ်သက်သွားပြီးမှ ဟင်းကနဲ သက်ပြင်း ချလိုက်ကာ "ကိုယ်က ကိုယ့်အဖေရဲ့ ဉာဏ်ကို မီတယ်။ ဒါပေမဲ့ သူ့ထက် ချင့်ချိန်တတ်တယ်။ ကိုယ်ဟာ တကယ်လို့သာ အခုလို ကိုယ်ခန္ဓာမျိုး မရှိဘူးဆိုရင် သူ မလုပ်နိုင်ခဲ့တာတွေကို လုပ်ပြချင်ပါတယ်" ဟု ပြောလေ

သည်။

ကျွန်တော်သည် ကိုယ်ခန္ဓာ ချိနဲ့မှုနှင့် ပတ်သက်၍ စိတ်ပျက်သည့်စကားကို ကိုလွန်းအောင်ထံမှ ပထမဆုံးအကြိမ်ကြားရခြင်း ဖြစ်သဖြင့် အံ့အားသင့်သွားမိလေ၏။ နောက်တွင်မှ အားပေးစကား ပြောရလေတော့သည်။

"ခင်ဗျား ကျန်းမာရေးနဲ့ ဘာဆိုင်လို့လဲဗျ။ ခင်ဗျားစိတ်မှာ ထက်သန်နေရင် ဘာပူစရာ လိုသလဲ"

"တကယ်လို့ ကိုယ်ဟာ လောကဓာတ်ဆရာ တစ်ယောက်လုပ်မယ်ဆိုရင် စာပေသမား လုပ်မယ်ဆိုရင်တော့ ဒီအတွက် ဘာအရေးလဲ"

"နို့- ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

"အခုနေတော့ ခင်ဗျားကို ဒီအကြောင်း မပြောချင်ဘူး။ ဘယ်သူ့ကိုမှလဲ မပြောရသေးဘူး။ ဘယ်သူ့ကိုမှလဲ ပြောဖြစ်လိမ့်မယ် မထင်ဘူး"။ ကိုလွန်းအောင်သည် ခါးခါးသီးသီး ပြောနေရာမှ သက်ပြင်းတစ်ချက် ချလိုက်ကာ-

"ဘာဘဲဖြစ်ဖြစ်လေ ကိုယ်လုပ်ချင်တာကို ဖြစ်အောင်တော့ လုပ်ရမှာပဲ"

× × ×

ကိုလွန်းအောင်နှင့် ကျွန်တော်တို့သည် ထိုနှစ်နွေရာသီ၌ ကိုလွန်းအောင် ငှားထားသည့်အိမ်ကလေးတွင် အတူတကွနေခဲ့ကြပါသည်။ ကိုသိန်းထိုက်သည်လည်း သူ၏ကားသစ်ကြီးဖြင့် ကျွန်တော်တို့ထံသို့ မကြာမကြာ လာတတ်ပါသည်။ ကိုလွန်းအောင်ကိုလည်း ခေါ်ဆောင်၍ သွား

တတ်ပါသည်။

တစ်ညတွင်မူ ကျွန်တော်သည် လွန်စွာ ထိတ်လန့်ဖွယ် ကိစ္စတစ်ခုနှင့် ကြုံခဲ့ရပါသည်။

ထိုညက ကျွန်တော်သည် သတင်းစာတိုက် ပိတ်သောနေ့ ဖြစ်သဖြင့် စောစောစီးစီး အိပ်ရာသို့ဝင်ကာ အိပ်နေခိုက် ဖြစ်ပါသည်။ အိပ်ပျော်လုလု ဖြစ်နေချိန်တွင် ကိုလွန်းအောင်၏ အခန်းဘက်ဆီမှ မိန်းမ ငိုသံ ကြားရသဖြင့် အိပ်ရာမှ လန့်နိုးခဲ့ပါသည်။ ပထမကြားရစဉ်က အိပ်မက်ဟု ထင်မှတ်နေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုလွန်းအောင်နှင့် မိန်းကလေးများကို ဆက်စပ်၍ ဘယ်သောအခါကမှ မစဉ်းစားမိခဲ့သောကြောင့်ပင် ဖြစ်လေသည်။ ကိုလွန်းအောင်နှင့် စကားပြောဖူးသည့် မိန်းမဆိုပါက စာအုပ်ဆိုင်က မိန်းကလေးနှင့် ဘူးသီးကြော်ဆိုင်မှ သူငယ်မသာ ဖြစ်သည်ကို ကျွန်တော် သိပါသည်။

ယခု ကိုလွန်းအောင်၏ အခန်းသို့ ရောက်နေသော မိန်းကလေးကား ငိုရုံသာမက ပါးစပ်ကလည်း တတွတ်တွတ် ပြောနေပါသေးသည်။

"ကိုကြီးရယ်. . . ကျွန်မကို သနားပါ။ ကျွန်မကို ကယ်ပါ။ ကျွန်မရဲ့ အဖြစ်ကို အမေသိသွားရင် ကျွန်မကို သတ်လိမ့်မယ်။ ကျွန်မကို အစ်ကိုကြီးပဲ ကယ်နိုင်မှာမို့ ကျွန်မ တောင်းပန်ပါတယ်"

ကိုလွန်းအောင်ထံမှ စကားသံသဲ့သဲ့ ကြားရပြန်ပါသည်။ ကိုလွန်းအောင်၏ စကားသံမှာ တိုးလွန်းလှသဖြင့် နားမလည်နိုင်ခဲ့ပါ။ ထိုမှ မိန်းကလေး၏

အသံသည် ထပ်မံ၍ ပေါ်ထွက်လာပြန်ပါသည်။

"ကျွန်မတော့ အင်းယားကန်ထဲ ခုန်ချမှာပဲ။ အစ်ကိုကြီးက မကယ်နိုင်ရင် ကျွန်မတော့ ရေထဲ ခုန်ချမှာပဲ။ ဒါပဲ ကိုယ့်ကိုယ်ကို သတ်သေမှာပဲ"

ကိုလွန်းအောင်၏စကားသံသည် ထပ်မံ၍ ထွက်ပေါ်လာပြန်လေသည်။ အသံကား တိုးလွန်းလှပေသည်။ မိန်းကလေးအား ချော့မော့နေဟန် တူပေသည်။

အတန်ကြာသောအခါ ငိုသံတိတ်သွားလေ၏။ ထို့နောက် နှစ်ယောက်စလုံး လမ်းလျှောက်သံ တံခါးဖွင့်သံ ကြားရလေ၏။ ကိုလွန်းအောင်၏ ခြေသံမှာ ကောင်းစွာ မှတ်မိနိုင်ပေသည်။ ဆယ်မိနစ်ခန့် ကြာသောအခါ ထော့နဲ့ ထော့နဲ့ ခြေသံကို ပြန်၍ကြားရလေသည်။ ကိုလွန်းအောင်သည် သူ့အခန်းဘက်သို့ သွားနေရာမှ ကျွန်တော့်အခန်းဘက်သို့ လာပြန်ကာ တံခါးကို တွန်းလှပ်၍ ကြည့်လေသည်။ အဓိပ္ပာယ်မှာ ကျွန်တော် အိပ်ပျော်နေသလော။ နိုးနေသလော ဟူသည့်သဘောပင် ဖြစ်လေသည်။ ကျွန်တော်သည် မှန်အိမ်မီးကို မြှင့်လိုက်ကာ "ကိုလွန်းအောင်" ဟုခေါ်လိုက်မိလေ၏။

"ဗျား. . . ကိုထွေးမောင်. . . မအိပ်သေးဘဲကိုး. . ."

"ဟုတ်ကဲ့. . ."

ကျွန်တော်သည် ပြောပြောဆိုဆို အိပ်နေရာမှ ထကာ တံခါးကို ဖွင့်ပေးလိုက်မိလေ၏။ ကိုလွန်းအောင်သည် ကျွန်တော်၏ အခန်းထဲသို့ ဝင်လာကာ ကုတင်ပေါ်တွင် ထိုင်လိုက်

လေ၏။ ထို့နောက် ကျွန်တော့်အား အတန်ကြာ စိုက်ကြည့်နေပြီးမှ "ခုနက ကိုယ်တို့ပြောတာတွေ ကြားမှာပေါ့" ဟု ပြောလေ၏။

"ကြားတာပေါ့. . . အိပ်ရာက လန့်နိုးတာပဲ. . . ဘာဖြစ်လို့လဲ. . ."

"မအေးကြည်လေးရယ်"

"ဩော်. . . မအေးကြည်လား. . ."

"ဟုတ်တယ်. . . ကိုယ်ဝန်ရှိနေလို့တဲ့. . ."

၎င်းကိုယ်ဝန်မှာ ကိုလွန်းအောင်၏ ကိုယ်ဝန်မဟုတ်နိုင်သည်ကို ကျွန်တော် ကောင်းစွာနားလည်လိုက်မိပါသည်။

"ခင်ဗျားဆီ. . . ဘာလာလုပ်တာလဲ. . ."

"စင်စစ်တော့ ကောင်မလေးဟာ ကျွန်တော့်ဆီရယ်ဆိုပြီး လာတာတော့ မဟုတ်ဘူး။ ဘယ်သူ့ဆီပဲ ဖြစ်ဖြစ် အားကိုးရပြီးရော ဆိုပြီး လာတာပါ။ သူ့ခမျာ သူ့အမေ မဒေါ်သကြီးကိုလဲ ကြောက်လွန်းလို့ သေလုနေပြီ. . ."

ကျွန်တော်က ဘာမျှမပြောဘဲ သူ့စကားကိုသာ နားထောင်နေခိုက် သူက ဆက်လက်၍ ပြောပြန်ပါသည်။

"ကလေးအဖေဟာ ဘယ်သူလဲ။ ခင်ဗျားသိချင်လား. ."

"မအေးကြည်လေးက ပြောလို့လား. . ."

"ပြောတာပေါ့. . . ကလေးအဖေဟာ ကိုသိန်းထိုက်တဲ့ကွာ. . ."

ကိုလွန်းအောင်သည် လွန်စွာ စိတ်ထိခိုက်ဟန်ဖြင့် ပြောပါသည်။

"ကိုသိန်းထိုက် ဟုတ်လား။

နဲ့. . . သူ ဟို သူဌေးသမီးနဲ့ ညားနေပြီ မဟုတ်လား. . .”

“ဟုတ်တယ်. . . ဒါပေမဲ့. . ဖြစ်ပုံက အရင် ကိုသိန်းထိုက် အိမ်ငှားနေကတည်းက ဖြစ်ခဲ့ပုံ ရတယ်။ ကိုသိန်းထိုက် မိန်းမရပြီးတဲ့ နောက်လဲ ကောင်မလေး ဆီကို ကိုသိန်းထိုက်က လာသေးသတဲ့။ မလာတော့တာ သုံးလလောက်ပဲ ရှိသေးသတဲ့။ အခုလို ဖြစ်တော့မှ ကောင်မလေးလဲ ဒုက္ခများနေတယ်”

ကျွန်တော်သည် ခေတ္တမျှ စဉ်းစားနေပြီးနောက်. . .။

“ဩ. . . ဒါကြောင့်မို့ ဒီလူဟာ မိန်းမတွေနဲ့ လူမြင်ကွင်းမှာ မတွဲဘဲ ကုပ်ကမြင်း လုပ်နေတာကိုး”ဟု ပြောမိပါသည်။

“အို-ဒီလိုလဲ ဘယ်ဟုတ်မလဲ. . ကိုထွေးမောင်။ ဒါမျိုးဆိုတာ ကြိုးချင်းထား ကြိုးချင်းငြိ မိန်းကလေးကလဲ မိုက်မိုက်ဆိုတော့ ဖြစ်ကြမှာပေါ့”

ကိုလွန်းအောင်က ပြင်းထန်စွာ ပြောပါတော့သည်။

“အခုတော့ ဘယ့်နှယ်လုပ်မလဲ။ ဒီလိုပဲ ပစ်ထားမလား”

“အခုနေတော့ ဘယ်လိုလုပ်ရမလဲ မဆိုနိုင်သေးဘူး။ ဘာဘဲဖြစ်ဖြစ် ကိုသိန်းထိုက်ရဲ့ ဂုဏ်သရေကို မထိခိုက်အောင် လုပ်ရမှာပဲ။ ဒီကိစ္စဟာ ကိုသိန်းထိုက်အတွက် အများကြီး ထိခိုက်နိုင်တယ်။ အို. . . မိန်းကလေးကလည်း လိမ္မာတာ လိမ္မာတာ တခြား. . . ခပ်မိုက်မိုက် ကလေးပါပဲ”

ကိုလွန်းအောင်သည် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်လေသည်။

“တစ်ခုတော့ တောင်းပန်ပါရစေ။ ဒီကိစ္စမှာ ခင်ဗျား ဘာမှ

မသိသလိုနေပါ။ ဘယ်သူ့ကိုမှ လဲ မပြောပါနဲ့"

"ဟုတ်ကဲ့ ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး"

"ကဲ. . . အိပ်တော့. . . အိပ်တော့။ ကိုယ်လဲ အိပ်မယ်"

× × ×

ကိုသိန်းထိုက်နှင့် ကိုလွန်းအောင်တို့သည် ဘီအယ်လ်အောင်သည်အထိ ဆက်လက်၍ အတူတက်ကြလေသည်။ ထိုအချိန်တွင် ကျွန်တော်မှာ သတင်းစာတိုက်တွင် တွဲဘက်အယ်ဒီတာအဖြစ် လုပ်ကိုင်နေရသဖြင့် မအားလပ်နိုင်တော့ဘဲ ကိုလွန်းအောင်နှင့်ပင် အတူမနေရတော့ပါ။

ကိုသိန်းထိုက်၏ သတင်းများကိုကား မကြာမကြာ ကြားရ သိရပါသည်။ ကိုသိန်းထိုက်၏နာမည်မှာ လူသိများ၍ များ၍သာ နေပါသည်။ ကိုသိန်းထိုက်ထံမှ ကျွန်တော့်ဆီသို့ စာမလာဖူးသော်လည်း ကိုလွန်းအောင်ထံမှကား စာလာပါသည်။ ကျွန်တော်ကလည်း မကြာမကြာ သွားရောက် တွေ့ဆုံပါသည်။ ကိုလွန်းအောင်သည် ကျွန်တော်နှင့်တွေ့လျှင် နိုင်ငံရေးရာ ဗမာပြည် အုပ်ချုပ်ပုံ၊ ဒုတိယကမ္ဘာစစ်၊ ကမ္ဘာ့ရေးရာ စသည်တို့ကို ဟောပြောတတ်ပါသည်။ နိုင်ငံရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ် စီမံကိန်း စသည်တို့ကိုလည်း သူရေးဆွဲထားသမျှ သူလေ့လာထားသမျှကို ထုတ်ပြတတ်ပါသေးသည်။

တစ်ခါတစ်ရံတွင်မှ ကိုသိန်းထိုက်၏အကြောင်းကို ပြောပြပါသည်။ ကိုသိန်းထိုက် တစ်ယောက် ထိုအသင်း ဤအ

သင်း စသည်တို့၌ ဥက္ကဋ္ဌဖြစ်ပြီ ဟူသည့် သတင်းများကလည်း မကြာမကြာ ကြားရပေသည်။

"ကိုသိန်းထိုက်တော့ နိုင်ငံရေးခေါင်းဆောင် ဖြစ်မှာပဲ"

ကိုလွန်းအောင်ထံမှ ဤစကား ကြားရသောအခါ ကျွန်တော်သည် လွန်စွာအံ့ဩသွားမိပါသည်။ ကိုသိန်းထိုက်တွင် နိုင်ငံရေးအမြင်နှင့် ပတ်သက်၍ မျှော်လင့်စရာ ဘာတစ်ခုမျှ မတွေ့ရ။ ရုပ်ရည်ခန့်ညားခြင်း၊ ပိုက်ဆံ ချမ်းသာခြင်း၊ ကာယဗလ တောင့်တင်းခြင်း တို့ဖြင့်သာ သူသည် တက္ကသိုလ်တွင် ထင်ရှားနေရသည် မဟုတ်ပါလော။ ထိုအရာ အားလုံးကို နုတ်ဖယ်လိုက်ပါက သူ့ဘဝသည် ဘာမျှ မျှော်လင့်စရာ မရှိ။

တစ်ခါကမူ ကိုသိန်းထိုက်၏ ဇနီး သူဌေးသမီးသည် ကိုယ်ဝန်ရှိလာသဖြင့် ကိုသိန်းထိုက်၏ မိဘများရှိရာ မော်လမြိုင်သို့ သွားနေကြောင်း ပြောပါသည်။ ထို့နောက် သားယောက်ျားလေး မွေးကြောင်း သိရပါသည်။ ကိုသိန်းထိုက်၏ ဘဝကား အစစ အရာရာ အဆင်ပြေလှပါသည်။ ကိုသိန်းထိုက်တစ်ယောက် ဒုက္ခရောက်နေပြီဟူသော စကားမျိုးကိုကား တစ်ခါမျှ မကြားခဲ့ရပေ။

ကျွန်တော့် စိတ်ထဲတွင် မအေးကြည်လေးကို မကြာမကြာ သတိရမိလေသည်။ ကိုသိန်းထိုက်၏ သတင်း ကြားရတိုင်း ကိုလွန်းအောင်နှင့် တွေ့လေတိုင်း သတိရမိလေသည်။ ကိုလွန်းအောင်၏အိမ်တွင် ထိုညက သူ့အကြောင်း ကြားရပြီးနောက် ကိုလွန်းအောင်ထံမှ

ဘာမျှ သတင်းဆက်လက်၍ မကြားရတော့ပေ။ ကျွန်တော် စုံစမ်းသိရှိရသလောက်မှာမူ မအေးကြည်လေးသည် တောသို့ ခေတ္တ သွားကာ လေးငါးခြောက်လခန့်နေပြီး ဘာမျှ မဖြစ်သကဲ့သို့ သူနေရင်းစွဲအိမ်မှာပင် ပြန်၍နေသောဟူ၏ အထိပင် ဖြစ်လေသည်။ ကိုသိန်းထိုက်နေခဲ့သည့် အိမ်ကြီးမှာလည်း ပြန်၍ပြင်ဆင်ကာ ရေနံသစ်များပင် သုတ်၍ ထားလေသည်။ ကိုလွန်းအောင်နှင့် တွေ့သောအခါများ၌ ဤဇာတ်လမ်း နောက်ဆက်တွဲကို ဆက်လက်၍ ကြားရမည် ထင်သော်လည်း မကြားခဲ့ရပေ။

သူတို့နှစ်ယောက်သည် ဥပဒေတန်းများ ကုန်ဆုံးသွားသောအခါ ဘားလမ်း၌ အခန်းတစ်ခု ငှားကာ နှစ်ယောက်စပ်တူ ဝတ်လုံ လိုက်ကြလေသည်။ ဝတ်လုံတော်ရ ဦးသိန်းထိုက်နှင့် ဦးလွန်းအောင် ဟု ဆိုင်းဘုတ် တပ်ထားသော်လည်း ဝတ်လုံတော်ရ ဦးသိန်းထိုက်၏ နာမည်သာလျှင် ထင်ပေါ်ခဲ့ပေသည်။

လောက၌ ထင်ပေါ်ကျော်ကြားမှု ရဖို့ဆိုသည်မှာ လွန်စွာလွယ်ကူသော အလုပ် ဖြစ်ပေသည်။ ထင်ပေါ် ကျော်ကြားသည်ဟု ဆိုရာ၌ ထင်ပေါ်ကျော်ကြားမှု သက်သက်ကိုသာ ဆိုလိုပေသည်။ မည်သူမဆို ထင်ပေါ် ကျော်ကြားမည့် အလုပ်ကို လုပ်လျှင် ထင်ပေါ်မည်သာ ဖြစ်လေသည်။ ထိုထင်ပေါ်သူသည် တကယ်တန်း တတ်သိနားလည်သူ ဖြစ်ချင်မှ ဖြစ်ပေမည်။ တကယ်ကျော်ကြားထိုက်သူဖြစ်ချင်မှ

ဖြစ်ပေမည်။ များစွာသော လူတော်တို့သည် မထင်မရှား နေနေကြရသကဲ့သို့ မိမိကိုယ်ကို မိမိ ဆိုင်းဘုတ်ချိတ်သူများကား ဘာတစ်ခုမျှ မယ်မယ်ရရ မတတ်ကျွမ်းပါဘဲလျက် ထင်ရှားနေတတ်ကြပေသည်။ အဟုတ်တကယ် ကျော်စောမှုနှင့် ထိုက်တန်၍ ကျော်စောရသော သူကား ရှားလှပါပေသည်။

ကြီးကျယ်သော အမှု၊ ခဲခဲယဉ်းယဉ်းရှိလှသော အမှုများတွင် ကိုသိန်းထိုက်၏ နာမည်သာလျှင် ရှေ့ကတပ်၍ ပါခဲ့လေသည်။ ထိုအမှုများတွင် ကိုသိန်းထိုက် လိုက်သည့်ဘက်က နိုင်ခဲ့သည်သာ ဖြစ်လေသည်။

တစ်ခါကမူ ကိုလွန်းအောင်နှင့် ဆူးလေဘုရားနှင့် ဖရေဇာလမ်းထောင့်တွင် ဆုံမိကြသဖြင့် နီးရာ ကော်ဖီဆိုင် တစ်ဆိုင်သို့ အတူသွားမိကြပါတော့သည်။ ကိုလွန်းအောင်၏ ကျန်းမာရေးကား တိုးတက်မှုမရှိပေ။ သူ့မျက်နှာမှာမူ သူ၏ အသက်ထက် ဆယ်နှစ်ခန့်မျှပင် အိုမင်း၍နေသည်ဟု ထင်ရပေသည်။ သူ့ကို ကြည့်ရသည်မှာလည်း လွန်စွာ ပင်ပမ်းနွမ်းနယ်နေပုံရလေသည်။

"ကိုသိန်းထိုက် တစ်ယောက်ရော. . ."

"ရုံးမှာ အမှုတစ်ခုရှိလို့ အမှုလိုက်သွားနေတယ်။ ကျွန်တော်လည်း စာတစ်အုပ် လိုချင်တာနဲ့ ဒီဘက် ထွက်လာတာ. . ."

"ဘယ့်နှယ်လဲ အလုပ် ဟန်ကျရဲ့လား. . ."

"ကျပါတယ်။ ကိုသိန်းထိုက်က ခင်ဗျားသိတဲ့အတိုင်း မိတ်ဆွေသင်္ဂဟပေါတဲ့လူ ဆိုတော့ အလုပ်မှာ ဟန်ကျတာပေါ့ဗျာ။

နောက်ပြီး သူက လူတကာအပေါ်မှာ ဖော်ရွေခင်မင်တဲ့ လူဆိုတော့ ပိုပြီးဟန်ကျနေတာပေါ့. . .”

“ဟုတ်ကဲ့။ ဒီလို ကြားရတာ ဝမ်းသာပါတယ်ဗျာ. . .”

ကျွန်တော့်အဖို့တွင် ပြောစရာစကား ကုန်နေသဖြင့် စကားဆက်ဖို့စဉ်းစား၍မရခဲ့ပါ။ ကျွန်တော်သည် ကိုလွှမ်းအောင်မျက်နှာပေါ်ရှိ အရစ်အတွန့်များကို ငေးစိုက်ကြည့်မိလေသည်။ ကိုလွှမ်းအောင် ကလည်း ပြောစရာစကား ရှာမတွေ့သကဲ့သို့ ငြိမ်နေပြီးမှ ဆက်၍ ပြောပါတော့သည်။

“ကိုသိန်းထိုက်လည်း လာမဲ့ ရွေးကောက်ပွဲမှာ မင်းတိုင်ပင်အမတ် အရွေးခံလိမ့်မယ်”

“ဩော်. . ဒါထက် ခင်ဗျားအဖေရော. . .”

“သေသွားပြီလေ။ မနှစ်က မိုးတွင်းကတည်းကပဲ”

“အို. . ဖြစ်မှဖြစ်ရတယ်”

“ဘာမှ ဝမ်းနည်းစရာမရှိဘူး. . ကိုထွေးမောင်။ သူ့ဘဝတစ်လျှောက်လုံးမှာ သူဟာနည်းနည်းလေးမှ စိတ်မချမ်းသာခဲ့ဘူး. . . မသာယာခဲ့ဘူး. . သူ့ရဲ့စိတ်ကူးဉာဏ်၊ အသိတရားတွေကို လောကကြီးနဲ့ ထိုက်အောင် မလုပ်ခဲ့ဘဲ လောကကြီးကိုသာ သူ့စိတ်ကူးဉာဏ်၊ အသိတရားတွေနဲ့ မညီကောင်းလားဆိုပြီး ညီအောင် ကြိုးစားရင်း စိတ်မချမ်းမသာ ဖြစ်နေတဲ့သူပါ”

“တကယ်ရိုးသားဖြောင့်မတ်တဲ့လူနဲ့ အပေါစားနိုင်ငံရေး သမားဟာ ဒီနေရာမှာ ကွာတော့တာပေါ့. . . ကွာခြားချက်ဟာ ဒါပဲ ကိုလွှမ်းအောင်. . .”

"ခင်ဗျားပြောတာလဲ ဟုတ်တော့ ဟုတ်ပါတယ်. . ."

"ဒါထက်. . . အခု ကိုသိန်းထိုက်လိုက်မဲ့ နိုင်ငံရေး လမ်းစဉ်က ဘယ်လိုလမ်းစဉ်လဲ. ."

"အဘိုးကြီးရဲ့ လမ်းစဉ်နဲ့တော့ သိပ်ကင်းနိုင်မယ် မထင်ဘူး။ ဒါပေမဲ့ ကိုသိန်းထိုက်ကိုယ်တိုင် ဒီလမ်းစဉ်တွေ သဘောပေါက်ဖို့ လိုသေးတယ်။ ဒါပေမဲ့လေ. . . လုပ်စမ်းကြည့်ရတာပေါ့. . . ကျုပ်တို့ နိုင်ငံနဲ့တော့ အဆင်ပြေပါ လိမ့်မယ်ထင်တယ်. . ."

ထိုနောက်တွင်ကား ကိုသိန်းထိုက် တစ်ယောက် မင်းတိုင်ပင်အမတ်လောင်း အဖြစ် အရွေးခံသည်ဟု ကြားသိရလေတော့သည်။ ကိုသိန်းထိုက်သည် တနင်္သာရီ မြောက်ပိုင်းမှ အရွေးခံရလေသည်။ ကိုသိန်းထိုက်နှင့်အတူ ကိုလွန်းအောင်လည်း ပါသွားလေသည်။ ကိုသိန်းထိုက်သည် တနင်္သာရီ မြောက်ပိုင်း တဝိုက်ကို နယ်လှည့်၍ တရားဟောလေသည်။ တရားပွဲတိုင်းတွင် လက်ခုပ်သံ သြဘာသံ ကောင်းချီးပေးသံတို့ဖြင့် ဆူညံနေခဲ့ပေသည်။ နောက်ဆုံးတွင်ကား ရွေးကောက်ပွဲ၌ ကိုသိန်းထိုက်ပင်လျှင် အရွေးခံခဲ့ရလေသည်။

အမတ်ဖြစ်စက ကိုသိန်းထိုက်အား ပန်းဆိုးတန်းရှိ ဟော်တယ်ကြီးတစ်ခု အနီးတွင် အမှတ်မထင် တွေ့လိုက်မိပါသည်။ ထိုစဉ်က သူ၏ဇနီးလည်း အတူပါလေသည်။ ကိုသိန်းထိုက်သည် ဘန်ကောက်တောင်ရှည်၊ ပိုးရင်ဖုံးနှင့် ခေါင်းပေါင်းပေါင်းထားရာ လွန်စွာကျက်သရေရှိ၍ နေပါသည်။

သူနှင့်အတူ တွဲ၍ ကားပေါ်မှ ဆင်းလာသည့် ဇနီးသည်မှာလည်း တစ်ကိုယ်လုံး စိန်ရောင်တွေ တဖြတ်ဖြတ်လက်နေပါသည်။ ကျွန်တော်သည် ကိုသိန်းထိုက်၏ဇနီးကို တွေ့ရပြီးနောက် ကိုသိန်းထိုက်၏ မိခင်နှင့် အစ်မကြီးကို သတိရမိပါသည်။ ကိုသိန်းထိုက်၏ ဇနီးသည်လည်း သူတို့ကဲ့သို့ပင် အကောင်းစားများကိုသာ ဝတ်ဆင်၍ ထားပါတော့သည်။ အဆင်ပြေသော စုံတွဲပင်။ ကိုသိန်းထိုက်က ကျွန်တော့်ကို တွေ့သောအခါ လှမ်းခေါ်ပါသည်။

"ဟာ-ကိုထွေးမောင် ပါလား။ လာဗျာ၊ မတွေ့တာ ကြာပါရော့လား. . ."

ကျွန်တော့်အား ဖက်လဲတကင်း ဝမ်းသာရွှင်လန်းစွာဖြင့် နှုတ်ဆက်ပါသည်။ ဤကား ကိုသိန်းထိုက်၏ ဝါသနာ၊ ကိုသိန်းထိုက်၏ အကျင့်တစ်ခုပင် ဖြစ်ပေသည်။ ဤသို့ ဖော်ရွေပျူငှာတတ်သော အလေ့ကြောင့်လည်း သူ့အား ခင်မင်မြှောက်စားသူ ပေါများခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့ သုံးယောက်သားသည် အတူတကွ စားသောက်ဖွယ်ရာများကို မှာယူစားသောက်ကြပါသည်။

"ဒါထက် ကိုလွန်းအောင်ကြီးရော. . ."

"ရှိပါတယ်ဗျာ။ သူလဲ ကျွန်တော်နဲ့ အတွဲပြုတ်ပြီး တစ်ယောက်ထဲ အမှုတွေ လိုက်နေတယ်. . ."

"ခင်ဗျား အရွေးခံတုန်းက ပါလာသေးတယ်ဆို. . ."

"ပါလာတယ်။ အခု ပြန်ရောက်တော့ ကျွန်တော်နဲ့ လုပ်

ခဲ့တဲ့အလုပ်ကို ဆက်ပြီး အမှုတွေကို သူကပဲ ပြန်ကိုင်နေတယ်"

"အေးဗျာ. . . တော်တော်တော့ အလုပ်လုပ်တဲ့လူ။ ထက်မြက်တဲ့လူပဲဗျာ. . ."

"ဟုတ်တယ်. . . တော်တာကတော့ တကယ်တော်တဲ့လူပဲဗျို့။ တော်ပါပေတယ်. . ."

ကျွန်တော်သည် ကိုသိန်းထိုက်၏ ဇနီးအား မသိမသာ အကဲခတ်မိပါသည်။ ကိုသိန်းထိုက်၏ ဇနီးကား ကျွန်တော်တို့ ပြောသောနိုင်ငံရေး စကား၊ လုပ်ငန်းဆောင်တာ စသည်တို့ကို စိတ်ဝင်စားပုံ မပေါ်ပါ။ သူကိုယ်တိုင်ကလည်း ကိုသိန်းထိုက်၏ အရည်အချင်းကို နားလည်သည့် အမူအရာ မပေါ်ဘဲ ကိုသိန်းထိုက်၏ ရုပ်ရည်ကာယဗလ စသည်တို့ကို စုံမက်၍ ယူထားဟန်တူပါသည်။ ထိုအချိန်ကား ကိုသိန်းထိုက်အဖို့ အထွတ်အထိပ်သို့ တက်လှမ်းစ အချိန်ပင် ဖြစ်ပေတော့သည်။

သို့နှင့်ပင် လွှတ်တော် အစည်းအဝေးပွဲသို့ ရောက်ခဲ့လေသည်။ လွှတ်တော် အစည်းအဝေး ကျင်းပမည့်ရက် အနည်းငယ်အတွင်းတွင် ကျွန်တော် ကိုသိန်းထိုက်အား သူ၏ဇနီးနှင့်အတူ တွေ့ကြရပြန်ပါသည်။ ကိုသိန်းထိုက်၏ သတင်းကား တသင်းသင်း မွှေးနေပေရာ၊ ကိုသိန်းထိုက်မှာ ကျွန်တော်တို့ သတင်းစာသမားများ အဖို့ စိတ်ဝင်စားဖွယ်ရာ တစ်ရပ်ဖြစ်နေပါသည်။ နိုင်ငံရေးသမားနှင့် သတင်းစာဆရာကား သဟဇာတ ပစ္စည်းများ ဖြစ်ကြလေသည်။ ကိုသိန်းထိုက်၏

လုပ်ငန်းစဉ်များကို သတင်းစာတွင် ဖော်ပြခြင်းအားဖြင့် ကိုသိန်းထိုက်၏ ဂုဏ်သတင်းမှာ တဝင်းဝင်း ပြောင်လက်လာနိုင်ပေသည်။ ဤသို့ ဂုဏ်သတင်းပြောင်လက်နေသူ တစ်ဦး၏ သတင်းဦး၊ သတင်းထူးများကို ဖော်ပြခြင်း အားဖြင့်လည်း သတင်းစာအတွက် သူ၏ ပရိသတ်များ၏ လေးစားဂရုစိုက်မှုကို ခံယူနိုင်ရပေသည်။

ကျွန်တော်သည် စာဖတ်သူတို့အား အရေးကြီးသော အကြောင်းအရာတစ်ခုကို ဖော်ပြရန် မေ့လျော့၍ နေမိခဲ့ပေသည်။ အကြောင်းမှာ ကိုသိန်းထိုက်သည် မည်သို့မည်ပုံ လူစု၍ အမတ်အဖြစ်သို့ တက်လာသည် ဟူသော အချက်ပင် ဖြစ်ပါသည်။

ကိုသိန်းထိုက်သည် ကိုလွှမ်းအောင်နှင့်အတူ ဝတ်လုံလိုက်နေရင်း ပြည်သူ့အကျိုးဆောင် ဟူသောအမည်ဖြင့် အသင်းတစ်ခု ဖွဲ့ပါသည်။ ကိုသိန်းထိုက်၏ အပေါင်းအသင်းဆန့်ခြင်းသည် ဤနေရာ၌ အသုံးဝင်ခဲ့လေသည်။ ထိုစဉ်က အသင်း၏ အတွင်းရေးမှူးမှာ ကိုလွှမ်းအောင် ဖြစ်ပါသည်။ ပြည်သူ့အကျိုးဆောင်အဖွဲ့သည် နာမည်လိုက်အောင် ပြည်သူတို့အား အကျိုးရှိရာ ရှိကြောင်းဖြစ်ပေသည်။ ကိစ္စများကို ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့လေသည်။

ဗမာတို့သည် အသင်းအဖွဲ့တစ်ခု၏ လမ်းစဉ်ကို ရေးဆွဲကြရာ၌ အမျိုး၊ ဘာသာ ဟူသော စကားလုံးများမှာ အဓိကပင် ဖြစ်ခဲ့လေသည်။ အမျိုးဟူသောနေရာတွင် ကိုသိန်းထိုက်က

ပြည်သူဟူသော စကားကို ထည့်သွင်းခဲ့ပေသည်။ ထို့ကြောင့် ဗမာပြည်တွင်း၌ မှီတင်းနေထိုင်ကြသည့် ပြည်သူပြည်သားတို့က သဘောကျခဲ့ကြလေသည်။

ကိုသိန်းထိုက်သည် ဤနည်းဖြင့် လူစုခဲ့ကာ မင်းတိုင်ပင်အမတ် တစ်နေရာ ရအောင် ချိတ်ခဲ့ပေသည်။ မင်းတိုင်ပင်အမတ် ဖြစ်ခဲ့သည်တွင်လည်း အချို့သော မင်းတိုင်ပင်များကဲ့သို့ ကတိပျက်ကွက်ခြင်း မရှိဘဲ သူပြောခဲ့သည့် စကားနှင့်ညီအောင် ဆောင်ရွက်ခဲ့ပေသည်။

"ဒါထက် ခင်ဗျား ပါလီမန်မှာ တင်မဲ့အဆိုတွေကို မသိရဘူးလား. . ."

"သိရပါတယ်ဗျား. . . ဒါတွေပါပဲ။ ပါလီမန်ကျမှ သိရမှာပဲ။ ဒါပေမဲ့ ခင်ဗျား တစ်ယောက်တော့ သိချင်ရင် ကြည့်လေဗျာ. . ."

ကျွန်တော်သည် သူ၏ အဆိုများကို ဆွဲယူ ဖတ်ကြည့်မိပါသည်။

"တယ်ကောင်း ပါလား။ တယ်ဟုတ်ပါလားဗျ"

"ဟုတ်ကဲ့ ကျွန်တော်လဲ တိုင်းပြည်အတွက် အကျိုးရှိမယ်ထင်လို့ ရေးထားတာတွေပဲ။ ကျွန်တော့်မိတ်ဆွေ တချို့ကတော့ တယ်ပြီး သဘောမကျလှဘူး။ ဒါပေမဲ့ ကျုပ်အမြင်မှာ ဒီအချိန်အခါဟာ ဒီအဆိုမျိုးကို တင်သင့်တယ်လို့ ထင်တာပဲ။ ဟုတ်ဘူးလားဗျာ။ ဒါမှ ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းစဉ်နဲ့ ဆီလျော်တော့မပေါ့. ."

ကျွန်တော်သည် အဆိုများကို ဖတ်ရင်း၊ ဖတ်ရင်း. . . ဤစာများသည် ကိုလွန်းအောင်၏

ကွယ်လွန်သူ ဖခင်ရေးခဲ့သည့် လက်ရာလော ကိုလွန်းအောင်၏ လက်ရာလော ဟူသော သံသယစိတ်များ ဖြစ်ပေါ်၍လာခဲ့ပါသည်။

ဤတွင် ကိုလွန်းအောင်၏ အကြောင်းကို မေးမိပါတော့သည်။

"အခုတလော ကိုလွန်းအောင် တစ်ယောက် ကောင်းကောင်း မမာဘူး။ သူ ရန်ကုန်မှာ နေရတာ သိပ်မပျော်ဘူး။ သူနဲ့လဲ မကိုက်လှဘူး။ ဒါနဲ့ သထုံဘက်မှာ လာနေတယ်။ ကျွန်တော်နဲ့တော့ မကြာမကြာတွေ့ပါရဲ့. . ."

"ဟုတ်တယ်. . ကိုကိုနဲ့ ကိုလွန်းအောင်နဲ့ လူချင်းလဲ တွေ့ကြပါတယ်။ ဒါပေမဲ့ စာနဲ့ဆက်သွယ်ကြတာက ပိုများပါတယ်။ ကိုကိုနဲ့ ကိုလွန်းအောင်နဲ့ ဆက်သွယ်လျက်ပဲနော်. . . ကိုကို နော်. . . နော်. . ."

"အေးပေါ့. . . တင်တင်"

လူရှေ့သူရှေ့၌ "ကိုကို"တွေ "နော်" တွေများတတ်သည့် မိန်းမတို့အား ကျွန်တော့်ဝမ်းထဲက မဲ့တတ်သည့် ဝါသနာရှိပါသည်။

ထို့နောက် ကျွန်တော်သည် ကမ္ဘာ့ အခြေအနေနှင့် ပတ်သက်သည့် ကိုသိန်းထိုက်၏ အမြင်ကို မေးကြည့်မိပါသည်။

"ဒီအတွက် ကျွန်တော် မစဉ်းစားအားသေးဘူး။ လက်ငင်း အရေးကြီးနေတာက ကိုယ့်နိုင်ငံပဲ မဟုတ်လား. . . ဒါပေမဲ့လေ ကမ္ဘာ့အရေးကိုလဲ လေ့လာရပေမပေါ့"

ထိုနေ့က ကိုသိန်းထိုက်တို့ ဇနီးမောင်နှံနှင့် အတူ ဟော်တယ် တစ်ခုတွင် နံနက်စာ စား

ခဲ့ကြပါသည်။ ကျေးမွေးသည့် စားသောက်ဖွယ်ရာများကား ကောင်းလှပါပေသည်။ သို့သော် ပြောကြသည့် စကားများမှာမူ ခပ်ဆန်းဆန်း၊ ခပ်လေးလေးနက်နက်၊ ခပ်ကြီးကြီးကျယ်ကျယ် စကားများ ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင်ကား အချိန် ဖြုန်း၍ နေမိသည်ဟု နောင်တရခဲ့မိပါသည်။

ကိုသိန်းထိုက် မိန်းမ၏ အပြုအမူများမှာ ကျွန်တော့်စိတ်ထဲတွင် အူယားစရာ ဖြစ်ပါသည်။ သူသည် အမတ်ကတော်ဟူသော ဂုဏ်ရှိန်တွင် မိန်းမောနေဟန် တူပါသည်။ အပြော အဆို လူပ်ရှားပုံမှစ၍ နဂိုရ်မဟုတ်ဘဲ ဟန်ဓာတ် ခုတ်နေသည့်အသွင်များကို မြင်ရပေရာ ရွံရှာမိခဲ့ပါသည်။ သူ့ အမူအရာမှာ သူ့ယောက်ျားမှတစ်ပါး မည်သူ့ကိုမျှ လေးစားပုံ၊ ဂရုစိုက်ပုံ မရပေ။

သူတို့ နှစ်ယောက်နှင့် ခွဲခွာခဲ့တော့မှ ကျွန်တော်အဖို့ အနေရ အထိုင်ရ သက်သာသွားကာ ရင်ထဲတွင် ရှင်းလင်းလာလေတော့သည်။

ဤသို့လျှင် ကိုသိန်းထိုက်အား အောင်မြင်ခြင်းမှသည် အောင်မြင်ခြင်းသို့ဆင့်ကာဆင့်ကာ တက်ခဲ့ပေသည်။ လွှတ်တော်တွင် တင်ပြသော သူ၏ အဆိုများကို သတင်းစာများက အသားပေး၍ ဖော်ပြကြလေသည်။ လွှတ်တော်အပြီး၌လည်း လူထုအစည်းအဝေးဖိတ်ကာ သူတင်ပြခဲ့သော အဆိုများအကြောင်းကို ရှင်းလင်းဟောပြောပွဲတစ်ခု ပြုလုပ်ပြန်လေသည်။ ထိုဟောပြောပွဲတွင်မှ ကိုယ်တိုင် တက်ရောက်ခဲ့ပါ

သည်။

ကိုသိန်းထိုက်၏ စကားကို နားထောင်ရသည်မှာ ကြက်သီး တဖြန်းဖြန်းထလုမျှ စွဲလန်းစေ ခဲ့ပါသည်။ ထို့နောက်တွင်ကား အိပ်မွေ့ချခံထားရသူပမာ သူ ပြောသမျှစကားတို့ကို လုံးစေ့ ပတ်စေ့ နားမလည်တော့ဘဲ သူ ၏ စကားပြောသံတွင်သာ ယစ်မူးမိန်းမော၍ နေခဲ့မိပါ တော့သည်။ ကျွန်တော် တစ် ယောက်သာ မဟုတ်။ ပရိသတ် အားလုံးပင်လျှင် တိတ်ဆိတ်၍ နေကြကာ ကိုသိန်းထိုက်က စ ကားအဆုံးသတ်လိုက်တော့မှပင် တိတ်နေသည့် ပရိသတ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာလေ သည်။ ပရိသတ်တို့ကား ကို သိန်းထိုက်၏ စကားကို ရေ လည်စွာ နားလည်လိမ့်မည်ဟု ကျွန်တော် မထင်ပါ။

သူ၏မိန့်ခွန်းများကို ဖတ်ရ သည်မှာလည်း စိတ်တက်ကြွ ဖွယ်ရာ ကောင်းလှပါသည်။ ကျွန်တော့်အဖို့တွင် ခက်၍နေ သည်မှာ ကိုသိန်းထိုက်၏ မိန့် ခွန်းများကို ဖတ်လေလေ ကို သိန်းထိုက်၏ ကျောင်းသားဘ ဝကို သတိရလာကာ ဤမိန့် ခွန်းများကို ရေးသည့်သူကို မြင် ယောင်လေလေ ဖြစ်ခြင်းပင်။

ကိုလွန်းအောင်၏ သတင်း ကိုကား မည်သို့မျှ မကြားရပေ။ ကိုသိန်းထိုက်၏ သတင်းများ ကိုသာ ဆက်ခါဆက်ခါ ကြားရ လေသည်။ နိုင်ငံရေးသမား အ ချို့ကမူ ကိုသိန်းထိုက်သည် နောက်တစ်ကြိမ် ရွေးကောက် ပွဲတွင် ဝန်ကြီး တစ်နေရာရာ အတွက် သေချာလှပေသည်ဟု တွက်ကိန်းများပင် ထုတ်ထား ကြလေသည်။

× × ×

လွှတ်တော် အစည်းအဝေး ပြီးသွားသောအခါ ကိုသိန်းထိုက်သည် မော်လမြိုင်သို့ ပြန်လေတော့သည်။

ထိုနောက်တွင်ကား ကိုသိန်းထိုက်အဖို့ ကံဆိုးလေသော အချိန် ဖြစ်လေပြီလောဟု တွေးမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုသိန်းထိုက်သည် မော်လမြိုင်သို့ ပြန်ရောက်ပြီး မကြာမီပင် ဇနီးသည်နှင့် ကွာရှင်းလိုက်သည်ဟု ကြားရသောကြောင့် ဖြစ်ပါသည်။ မင်းကတော်သည် ကိုသိန်းထိုက်၏ အိမ်တွင် ခိုင်းစေသော ဥယျာဉ်မှူးကလေး တစ်ယောက်နှင့် လိုက်ပြေးသည်ဟု ကြားသိရပါသည်။

ထိုနောက်တွင်ကား ကိုသိန်းထိုက်၏ လုပ်ငန်းစဉ်များကို မကြားရတော့ပါ။ ကျွန်တော် စုံစမ်းသိရှိရသလောက်မှာမူ ကိုသိန်းထိုက်သည် ကျိုက်ထိုဘက်သို့ ထွက်လာခဲ့ကာ ခြောက်လမျှအကြာတွင် ကျိုက်ထိုသူ ကျောင်းဆရာမတစ်ဦးနှင့် ယူလိုက်သည်ဟု ကြားရပါသည်။

ကိုသိန်းထိုက်၏ မိန်းမ လင်နောက် လိုက်ပြေးပြီးသည့်နောက်တွင် ကိုလွန်းအောင်လည်း ရန်ကုန်သို့ ရောက်လာပါတော့သည်။ သူသည် သူ၏ လုပ်ငန်းကို ပြန်လည်ဖွင့်လှစ်လေသည်။ သူ၏ အမည်ကို အဖော်များ၏ နာမည်နှင့်တွဲ၍ ကြော်ငြာထားသည်ကို တွေ့ရလေသည်။ ကျွန်တော်သည် ကိုလွန်းအောင်တစ်ယောက် ရန်ကုန် ရောက်နေပြီဟူသော သတင်းကို ကြားသိရသည်နှင့် တပြိုင်နက် သွားရောက်တွေ့ဆုံမိပါတော့သည်။

ကိုလွန်းအောင်၏ ရုပ်လက္ခဏာကား ယခင်ကထက်ပင် အိုမင်းရင့်ရော်၍ နေပါတော့သည်။

ထိုနေ့က တစ်နေ့လုံး လိုလိုပင် ကိုလွန်းအောင်နှင့် အတူနေခဲ့ပါသည်။ ကိုလွန်းအောင်သည် ကျွန်တော့်ကို အားရဝမ်းသာစွာ ဧည့်ခံစကား ပြောပါသည်။ ကိုသိန်းထိုက်၏ အကြောင်းကိုကား ပြောချင်ပုံမရ။ နည်းနည်းကလေးမျှ စကားစမပေါ်ခဲ့ပါ။ ကျွန်တော်က မေးသည်ကိုပင်. . .

"အင်း. . . သူ့ခမျာလဲ တော်တော်တော့ ဦးနှောက်ခြောက်နေပြီ။ အခု မော်လမြိုင်မှာ မနေတော့ဘူး။ ကျိုက်ထိုရောက်နေတယ်။ သူ့သဘောကတော့ သူအခုလို ဇာတ်မြုပ်လိုက်ရင် သူ့နောက်ကို လူတွေလိုက်လာကြလိမ့်မယ်လို့ ထင်နေတယ်။ အဲဒါဟာ သူ့အမှားပဲ။ ကျိုက်ထိုမြို့ပေါ်က လူတွေကတော့ သူ့ကို ကြည်ညိုစွာ ကျွေးမွေးစောင့်ရှောက်ကြပါရဲ့။ ဒါဟာလဲ စင်စစ်တော့ သူတို့ခံစားရမဲ့အကျိုးကို မျှော်ကိုးပြီးလုပ်တာပါ။ အခုကြည့်လေ။ မိန်းမရနေပြီတဲ့။ အဲဒီမိန်းမဟာလဲ သူ့ကို အမြဲချီးကျူးနေတဲ့ မိန်းမပဲ။ မိန်းမက ကျောင်းဆရာမ၊ အပျိုကြီးဆိုလား. . .။ ကိုသိန်းထိုက်လို ရုပ်ကလဲ ဖြောင့်၊ ဂုဏ်ကလဲရှိတဲ့လူဆိုတော့ ယူမှာပေါ့"

ကိုလွန်းအောင်သည် ကော်ဖီကို မော့ချလိုက်ပြီး. . .

"ကဲပါလေ. . သူ့အကြောင်း မပြောဘဲ နေကြပါစို့။ ကြုံကြိုက်တဲ့အခါ ရုပ်ရှင်လေးဘာလေး ကြည့်ရအောင်။ ကဲ-လာပါ။ ဒီ

ကနေ့တော့ အားပါတယ်။ နောက်နေ့တွေကျရင် ဒီလို အားမှာမဟုတ်ဘူး" ဟု စကားစကို ဖြတ်လိုက်ပါသည်။

ထို့နောက် ကိုလွန်းအောင်နှင့်ကျွန်တော်တို့သည် ရုပ်ရှင်ကားတစ်ခုသို့ သွားရောက်ကြည့်ခဲ့ကြပါသည်။ ရုပ်ရှင်ကြည့်၍အပြီးတွင်ကား လူချင်းခွဲခဲ့ကြရပါတော့သည်။

ကျွန်တော်သည် ကိုလွန်းအောင်နှင့် ခွဲခဲ့ပြီးနောက် ကိုလွန်းအောင်၏ဘဝကို စဉ်းစားကာ စိတ်မချမ်းမသာ ဖြစ်မိပါသည်။ စိတ်မချမ်းမသာ ဖြစ်မိရာ၌ သူ၏ကိုယ်ခန္ဓာအတွက်သာ မဟုတ်ဘဲ၊ သူ၏ စိတ်ဓာတ်အတွက်ကိုပါ ဖြစ်လေသည်။ ဤတွင်မှ ကျွန်တော်သည် ကိုလွန်းအောင်အား လွန်စွာ ခင်တွယ်နေမိကြောင်း သတိပြုမိပါသည်။ ကိုသိန်းထိုက်နှင့် မကြာမကြာ တွေ့တတ်သော်လည်း ယခုကဲ့သို့ လူချင်းခွဲရသောအခါ၌ မည်သို့မျှ မဖြစ်ခဲ့။

ထိုနေ့ညက အိပ်ရာမှ တရေးနိုးလာသည့်အခါ၌ပင်လျှင် ကိုလွန်းအောင်ကို သတိရမိကာ အိပ်မပျော်ဘဲ မျက်စိကြောင်နေမိပါသည်။ ကိုလွန်းအောင်၏ အစွမ်းသတ္တိထက်မြက်မှု၊ ကြင်နာမှု၊ အာဝဇ္ဇန်းရွှင်မှုတို့ကို သတိရမိပါသည်။ တက္ကသိုလ်တွင် နေခဲ့ကြစဉ်က ကျွန်တော့်အား သွန်သင်ဆုံးမခဲ့သည်တို့ကိုလည်း သတိရမိပါသည်။ အကယ်၍သာ ကိုလွန်းအောင်သည် သူလိုငါလို ကိုယ်ခန္ဓာမျိုး ရှိခဲ့ပါက လောကတွင် ဘာမျှပူစရာ မရှိဘဲ အထွတ်အထိပ်တွင် နေမည့်သူဟူ၍ စဉ်း

စားမိခဲ့ပါသည်။

ကိုသိန်းထိုက်သည် လွှတ်တော်အစည်းအဝေးအတွက် ရောက်လာတတ်သော်လည်း ကျွန်တော်နှင့်ကား ဆုံရသည်ဟူ၍ သိပ်မရှိလှ။ လွှတ်တော်တွင်လည်း သူသည် ယခင်ကလောက် မတောက်ပတော့။ နိုင်ငံရေး အကဲခတ်သမားများ အံ့အားသင့်လောက်အောင်ပင် ဖြစ်ခဲ့လေသည်။ လွှတ်တော်အစည်းအဝေးပြီးသည်နှင့် တပြိုင်နက် ကျိုက်ထိုသို့ ပြန်ပြေးသည်သာ ဖြစ်လေသည်။

ထိုနှစ်တွင်ပင် ကျွန်တော့်မှာလည်း အလုပ်ရက်ရှည်လုပ်ခဲ့ရသည်ကို ငြီးငွေ့လာသောကြောင့် ကျိုက်ထီးရိုးဘက်သို့ ဘုရားဖူး ထွက်ခဲ့ရာ ကျိုက်ထိုအရောက်တွင် ကိုသိန်းထိုက်ကို သတိရကာ ကိုသိန်းထိုက်ရှိရာသို့ သွားမိပါတော့သည်။

ကိုသိန်းထိုက်၏အိမ်ကား ခန့်ညားကြီးကျယ်သည့် အိမ်ကြီးပင် ဖြစ်ပါသည်။ ဧည့်ခန်းပတ်လည်တွင် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ပုံကို သူ၏ပုံနှင့်အတူ ပုံကြီးချဲ့၍ ချိတ်ဆွဲထားပါသည်။ ကျွန်တော်သည် လင်ကွန်း၏ပုံနှင့်ယှဉ်ထားသော သူ၏ပုံကို ကြည့်ကာ "အင်း. . . သူ့ကိုယ်သူ လင်ကွန်းလောက်များ အောက်မေ့နေတယ် ထင်ပါရဲ့" ဟူ၍ပင် တွေးမိခဲ့လေသည်။

ကိုသိန်းထိုက်သည် ထုံးစံအတိုင်း ကျွန်တော့်အား ဝမ်းသာအားရစွာ ဆီးကြိုပါသည်။ ထို့နောက် ကျွန်တော့်ကို အရက်ဖြင့် ဧည့်ခံကာ စကားပြောပါတော့သည်။ အရက်ကို ကျွန်တော်က သောက်သည်ဆိုရုံမျှ

သောက်သော်လည်း ကိုသိန်းထိုက်ကမူ တစ်ခွက်ပြီး တစ်ခွက် ဆက်ခါဆက်ခါ သောက်နေပါသည်။ ကျွန်တော်သည် ကိုသိန်းထိုက်နှင့် ဘာတွေပြောခဲ့သည်ဟူ၍ ယခု မမှတ်မိတော့။ ယခုမဆိုထားဘိ ထိုစဉ်အခါကပင် စကားပြောရင်းပြောရင်း ပြောခဲ့သည့်စကားကိုမေ့နေတတ်၏။

ကျွန်တော်တို့ စကားပြောနေခိုက် ဧည့်ခန်းထဲသို့ မိန်းမရွယ်တစ်ယောက် ဝင်လာပါသည်။ သူ၏တစ်ကိုယ်လုံးမှာ ချယ်လှယ်ပြင်ဆင်မှုတွေ များလွန်းနေသဖြင့် သူ၏ပင်ကိုယ်ရုပ်သွင်ကို အတိအကျ ဖော်ပြခြင်းငှာ မစွမ်းနိုင်ခဲ့ပါ။ မိန်းမရွယ်သည် ကန့်ကော အမူအရာဖြင့် ကိုသိန်းထိုက်၏ဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်တော့်ကို ကြည့်ပုံမှာလည်း အပျိုမလေး တစ်ယောက်၏ အကြည့်နှင့် တူလှပါသည်။

ကျွန်တော့်ကို ကြည့်နေရာမှ "အို. . . နှောက်ယှက်ရာများ ကျနေမလား။ ခင်က မောင်တစ်ယောက်ထဲအောက်မေ့လို့" ဟု ညုတုတုလေသံဖြင့် ပြောပါသည်။

"ကိစ္စမရှိဘူး။ ကိုထွေးမောင်က မောင့်ရဲ့ မိတ်ဆွေဟောင်းပါ။ မောင်တို့ပြောနေတဲ့စကားတွေကလဲ အရေးကြီးတဲ့စကားတွေ မဟုတ်ပါဘူး"

ကိုသိန်းထိုက်သည် သူ့ဇနီးအား နှစ်သိမ့်စေပြီးမှ ကျွန်တော့်ဘက်သို့ လှည့်ကာ. . . "ကိုထွေးမောင်. . . အဲဒါ ကျွန်တော့်ဇနီးပဲ။ ခင်. . . ဟောဒီ ကိုထွေးမောင်က မောင်နဲ့ အတူ ကောလိပ်မှာ နေခဲ့တယ်။

အခုတော့ အယ်ဒီတာလေ။ အစက မြန်မာ့အလင်းမှာ သတင်းထောက်လေးပေါ့။ အခုတော့. . .”

ကိုသိန်းထိုက်သည် ယခု ကျွန်တော် လုပ်နေသည့် သတင်းစာတိုက်၏ နာမည်ကို ပြောပြပါသည်။

“ဟုတ်ကဲ့. . . ဝမ်းသာပါတယ်”

“သူဟာ ကိုလွန်းအောင်နဲ့လဲ အတော်ခင်တယ်ကွ။ သိလား. . .”

ခင်သည် ကိုသိန်းထိုက်၏ ဘေးတွင် ထိုင်နေရာမှ ထလိုက်ကာ. . .“ကဲ. . . စကားပြောနေကြဦး။ ခင် စားဖို့ သောက်ဖို့ စီမံလိုက်ဦးမယ်” ဟု ပြောကာ ဧည့်ခန်းသို့ ထွက်သွားလေ၏။ ကျွန်တော်သည် ခင်၏ အမူအရာကိုကြည့်ကာ စိတ်ထဲတွင် အူကြောင်ကြောင် ဖြစ်နေလေ၏။ သူသည် ကိုသိန်းထိုက်အား လွန်စွာ လေးစားချစ်ခင်ပုံရပေသည်။

“အင်း. . . ကျွန်တော့်မိန်းမက သဘောကောင်းပါတယ်” ကိုသိန်းထိုက်က ဇနီး ချီးမွမ်းခန်း ဖွင့်ပြန်ပါသည်။

“တကယ်ပဲ ဉာဏ်လဲတော်ပါတယ်။ သူလေ. . ကျွန်တော် လွှတ်တော်ထဲမှာ ပြောမယ့်စကားတွေ၊ အဆိုတွေကို ကူညီပြီး ရေးပေးရှာတယ်။ သူ ကိုယ်တိုင်ကလဲ ဆရာမ လုပ်ခဲ့တာပဲ။ ဒါတော့ ခင်ဗျားသိမှာပေါ့”

ကိုသိန်းထိုက်နှင့် သိကျွမ်းခဲ့သည့် ရှည်လျားသောကာလအတွင်း ဤတစ်ခါသာ ဤသို့ ဝန်ခံချက် ကြားရသဖြင့် ကျွန်တော်သည် လွန်စွာ အံ့အားသင့်မိခဲ့ပါသည်။ ဟိုယခင် သူ့

အတွက် မိန့်ခွန်းဟူသမျှကို ကိုလွန်းအောင်က ရေးပေးခဲ့သည့်တိုင်အောင် မည်သို့မျှ လေသံမဟခဲ့ပါဘဲ ယခုကဲ့သို့ သူ့မိန်းမက ကူညီခြင်းကို ဖော်ပြောနေသည်မှာ အရက်မူးနေသောကြောင့်ပေလောဟု တွေးမိပါသည်။

"နေပါဦးဗျ။ ရောက်တဲ့အခါ အေးအေးဆေးဆေးပေါ့။ ဖင်တကြွကြွ လုပ်မနေစမ်းပါနဲ့။ ကျွန်တော့်အိမ်ရောက်တဲ့အခါ ကျွန်တော်ကပဲ ဂရုစိုက်ကျွေးမွေးပါရစေ. . ."

ကိုသိန်းထိုက်၏ စေတနာကား ယခင်ကအတိုင်းပင် ရှိပေသေးသည်။

ထိုအခိုက် အိမ်ပေါ်သို့ မိန်းမတစ်ယောက် တက်လာသည်ကို တွေ့ရပါသည်။ မိန်းမ၏ အသွင်အပြင်မှာ တည်ငြိမ်သော်လည်း မှေးမှိန်လှပါသည်။ သူ၏ဘဝ နောက်ကြောင်းတွင် ဝမ်းနည်းစရာများ ပြည့်နှက်နေသည့် အသွင်မျိုး ဆောင်နေပါသည်။ ကျွန်တော်သည် သူ့အား သတိထား၍ ကြည့်မိခဲ့သောကြောင့် ကောင်းစွာ မှတ်မိခဲ့ပါသည်။ ကျွန်တော်သည် သူ့အား ယခင်က တစ်ခါမျှ မမြင်ဖူးခဲ့သော်လည်း တစ်ခါမြင်ရုံနှင့်ပင် မှတ်မိခဲ့ပါသည်။

"ဪ. . . မသက်တင်လာဗျာ။ လာ. . လာ. . ဟော. . ဟောဒါက ကျွန်တော့်မိတ်ဆွေ ကောလိပ်တုန်းက အတူနေခဲ့တဲ့ ကိုထွေးမောင်ဗျား။ ရန်ကုန်က အယ်ဒီတာပဲ။ ကိုထွေးမောင် မသက်တင်ကတော့ ကျွန်တော့်ရဲ့ ညာလက်ရုံး အမျိုးသမီးကြီးပေါ့ဗျား. . ."

ကိုသိန်းထိုက် အာဝဇ္ဇန်းရွှင်

ရှင်ဖြင့် နှုတ်ဆက်ပြီးနောက် အားရပါးရ ရယ်နေပါသည်။ မသက်တင်က ကျွန်တော့်ကို ပြုံး၍ကြည့်ရင်း သူ့လက်ထဲတွင် ပါလာသော စာရွက်ဖိုင်တွဲကို စားပွဲပေါ်သို့ တင်လိုက်ပါသည်။

"ထားခဲ့. . မသက်တင်. . . စားပွဲပေါ်မှာပဲ ထားခဲ့ပါ။ ကျွန်တော်ကြည့်လုပ်လိုက်ပါ့မယ်"

ကိုသိန်းထိုက်သည် အေဗရာဟင် လင်ကွန်း၏ခေတ်ပုံ အောက်တွင်ရှိ စားပွဲပေါ်မှ စာရွက်ဖိုင်တွဲ ထုတ်ယူ၍ ကြည့်နေခိုက် ကျွန်တော်သည် ကိုသိန်းထိုက်အား ငေးစိုက်၍ ကြည့်နေမိလေသည်။ ကိုသိန်းထိုက်ကို ငေးစိုက်၍ ကြည့်နေရာမှ ကျွန်တော့်အား တစ်ယောက်က ကြည့်နေသည်ဟု စိတ်တွင် ထင်မိလေသည်။ စိတ်ထဲတွင် ကိုသိန်းထိုက်၏ ကိုယ်ခွဲများသည် ကျွန်တော့်အား ကြည့်နေသည်ဟု ထင်သော်လည်း ကြည့်နေသူကား မသက်တင် ဖြစ်နေပါသည်။ ကိုသိန်းထိုက်သည် လင်ကွန်း၏ခေတ်ပုံအောက်တွင် စာရွက်များကို ဖတ်လျက်ပင် ရှိသေးသည်။ ကျွန်တော်က မသက်တင်အား လှမ်းကြည့်လိုက်ရာ မသက်တင်သည် ချာကနဲ လှည့်ထွက်သွားလေတော့သည်။

ထိုညက ကိုသိန်းထိုက်နှင့် အတူ ထမင်းစားခဲ့ကြပါသည်။ ကျိုက်ထိုမြို့ပေါ်တွင် နေနေခိုက် တည်းခိုအိမ်ထက် သူ့အိမ်သို့ သွားနေသည်က များပေသည်။ သူ့အိမ်သို့ ရောက်မှဖြင့် တော်တော်နှင့် ပြန်မလွတ်ပါ။ သူက မပြန်ပါနှင့်ဟု ဆွဲထားသောအခါ ကျွန်တော့်စိတ်ထဲ

တွင် သူ တစ်ယောက်တည်း မ နေချင်၍ ဆွဲထားသည်ဟု ထင် ကာ စိတ်ညစ်မိပါသည်။ သူ့ထံ က ပြန်လာမှပင် စိတ်သက်သာ ခဲ့ပါသည်။

သို့ရာတွင် ကျိုက်ထီးရိုးသို့ အသွားရော အပြန်ပါ သူ့အိမ် သို့ ဝင်ခဲ့ပါသေးသည်။ အဘယ် ကြောင့် သူ့ထံသို့ သွားချင်ခဲ့ သည်ကိုကား မသိပါ။ သူနှင့် တွေ့ရ၍လည်း စိတ်ထဲတွင် မည်သို့မျှ မကြည်နူးပါ။ သူနှင့် တွေ့ရသောအခါများ၌ အနှစ် မပါဘဲ အလဟဿရှိလှသည် ဟု ထင်မိခဲ့ပါသည်။ နောက် တစ်ကြိမ် အတွေ့တွင်ကား သူ ၏ ရုပ်လက္ခဏာမှာ မျက်စိ တစ်ဖိုက်နှင့် နှာခေါင်း၊ ပါးပြင် တို့ပင်လျှင် တွန့်လျက်နေလေ ပြီ။ သို့သော် ရုပ်ရည်၏ပြေပြစ် မှုကား မပျောက်နိုင်ပါ။ အ ဘယ်ကြောင့်ဆိုသော် သူ၏ အရိုးအဆစ်များကိုက ပြေပြစ် နေသောကြောင့် ဖြစ်ပါသည်။ သို့သော် အောင်မြင်လှသည့် အသံကား အရက်ရှိန်ကြောင့် ကွဲအက်၍ လာပေပြီ။

× × ×

နောက်တစ်ကြိမ် ရွှေး ကောက်ပွဲတွင်ကား ကိုသိန်း ထိုက်သည် ပြုတ်လေတော့ သည်။ သူတို့၏ အဖွဲ့မှ အခြား သူ တစ်ယောက်က တက်လေ သည်။

ကိုသိန်းထိုက်သည် ထိုနှစ် က တရားသူကြီးအဖြစ်ဖြင့် မန္တ လေးသို့ပို့ကာ ခန့်အပ်ခြင်း ခံရ သော်လည်း မန္တလေးတွင် သုံး လေးလခန့် နေပြီးနောက် ကျိုက်ထိုသို့ပင် ပြန်လေတော့ သည်။ ကိုသိန်းထိုက်၏ဇနီးက မန္တလေးတွင် မနေနိုင်ဟု ဆို

သောကြောင့် ပြန်ခဲ့ခြင်းပင်ဖြစ်သည်ဟု သိရလေသည်။

ကျိုက်ထိုသို့ ပြန်ခြင်းသည် သူတို့အတွက် အဓိပ္ပာယ်ရှိပေသည်။ မင်းတိုင်ပင် အမတ် မဟုတ်တော့သော်လည်း သူ့အား ကျိုက်ထိုတစ်မြို့လုံးက ကြည်ညိုသည်။လေးစားသည်။ ခင်မင်သည်။ နေရာတကာတွင် ရှေ့တန်းက ထားသည်။ မင်းကတော်ကြီးအဖို့ သွားလေရာရာ ခရီးဦးကြိုပြုမည့်သူက များလှသည်။ ထိုအရပ်မှာ သူတို့ အတွက် လောကနိဗ္ဗာန်ဖြစ်သည်။ ပဋိရူပအရပ် ဖြစ်သည်။

ကိုသိန်းထိုက်၏ ပါတီဝင်များနှင့် မိတ်ဆွေဟောင်းများကလည်း ကိုသိန်းထိုက်အား ဂရုစိုက် အရေးပေးကြပါသည်။ ထောက်ပံ့ကျွေးမွေးကြပါသည်။ ယုတ်စွအဆုံး ဝိစကိသေတ္တာ ဘီယာသေတ္တာကိုပင် ပို့ပေးကြပါသည်။ သူတို့၏ အာစရိအား ကြည်ညိုလျက် လေးစားလျက် ရှိရုံမျှမက တစ်နေ့တွင် ဘုန်းပန်းများ ပြန်လည်ပွင့်လန်း၍ လာလိမ့်ဦးမည်ဟု ယုံကြည်နေကြပါသည်။

ထိုအချိန်တွင် ကိုလွန်းအောင်တစ်ယောက်မှာ ရန်ကုန်မြို့ ကုတ်ကိုင်းရပ်ကွက်ရှိ အိမ်ကြီးတစ်ခုပေါ်တွင် အိပ်ရာထက်၌ လဲလျောင်း၍ နေရချေပြီ။ သို့သော် "ဝတ်လုံတော်ရ ဦးလွန်းအောင်နှင့် ဝတ်လုံတော်ရ ဦးခင်အေး၊ ဝတ်လုံတော်ရ ဦးသာခင်၊ ဝတ်လုံတော်ရ ဦးတင်ဦး"ဟု နာမည်လေးလုံးရှိသည့် ဆိုင်းဘုတ်ချိတ်ထားသော ဘားလမ်း ရုံးခန်းတွင်ကား အမြဲတမ်း အမှုသည်တို့ ရောက်လျက်ရှိပေ

သည်။ ကိုလွန်းအောင်မှာ လူ က အိပ်ရာထက်ရောက်နေ သော်လည်း သူ၏ စွမ်းရည်များ ကား ပျံ့နှံ့လျက်ပင်။ သူသည် ဝတ်လုံပေါက်စ သုံးယောက် အား နိုင်နင်းစွာ ထိန်းသိမ်းကာ ညွှန်ကြား သွန်သင်နေပေ သည်တကား. . .

ကျွန်တော်သည် တစ်နေ့ တွင် ဘားလမ်းသို့ ရောက်သ ဖြင့် ကိုလွန်းအောင်၏ အလုပ် ခန်းကို သွားရာမှ ကိုလွန်း အောင်၏ အိမ်ကို သိခဲ့ရလေ သည်။ သိပြီး မကြာမီရက်အ တွင်း ကိုလွန်းအောင်ထံသို့ လာ ခဲ့မိပါသည်။

ကိုလွန်းအောင်အား အိပ် ရာထက်တွင် တွေ့ရပါသည်။ သူ့အား စောင့်ရှောက်သည့် သူ နာပြုဆရာမ ချောချော တစ် ယောက်ကိုလည်း တွေ့ခဲ့ရပါ သည်။ ကျွန်တော် ရောက်၍ အသွားတွင်မှ ထွက်ခွာကြ တော့မည့်ဆဲဆဲ ဖြစ်နေသော လူငယ်နှစ်ဦးနှင့်လည်း မိတ် ဆက်ပေးပါသည်။ သူတို့ကား ဝတ်လုံ ပေါက်စကလေးများ ဖြစ်ကြပါသည်။ ထို့နောက် သူ နာပြုဆရာမကို ခေါ်ကာ ကော် ဖီဖျော်စေပါသည်။ ထို့နောက် ဆရာမကလေးအား "ကဲ. . . ဆရာမရေ့ ဒီနေ့တော့ ဟောဒီ က အယ်ဒီတာကိုထွေးမောင် နဲ့ စကားပြောရဦးမယ်။ မတွေ့ ရတာ အတော်ကြာပြီ။ အားရ ပါးရ စကားပြောကြမှာမို့ ကော် ဖီခပ်များများ လုပ်ပေးပါ"ဟု ပြောပါသည်။

ကျွန်တော်က ကျွန်တော့် စိတ်ထဲတွင် ကိုလွန်းအောင်၏ ကျန်းမာရေး တိုးတက်နေသည် ဟု ထင်ခဲ့ကြောင်း ယခုအတိုင်း

ဆိုပါက မကြာမီ ကောင်းကောင်းမွန်မွန် ဖြစ်လာနိုင်သည်ဟု ထင်ကြောင်းပြောခဲ့ပါသည်။ သို့သော် သူ၏ အခြေအနေမည်မျှဆိုးနေကြောင်းကို ကျွန်တော် ကောင်းစွာ သတိထားမိပါသည်။ ချိန်းကုပ်ကွေးနေသော ကိုယ်ခန္ဓာမှာ ယခင်ကထက် ပိုမိုချိန်း ကုပ်ကွေးလာကာ အိပ်ရာပေါ်၌ပင်လျှင် အနေတစ်မျိုးတည်းနှင့် ကြာကြာမနေနိုင်ခဲ့ပါ။

ကိုလွန်းအောင်က ကျွန်တော့်ကို ကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်ပါသည်။

"ကျန်းမာလာနိုင်တော့မှာ မဟုတ်ပါဘူး။ ကိုယ်သေရတော့မှာပါ။ ဒါပေမဲ့ ကိုယ်လုပ်ချင်ခဲ့တာတွေကို အားလုံးလုပ်ခဲ့ရပါပြီ။ ကုပ်ချိနေတဲ့ ဟောဒီ ကိုယ်ခန္ဓာထဲမှာ မရှိနိုင်တဲ့ဟာတွေကိုတောင် ရခဲ့ပါပြီ. . ."

ကိုလွန်းအောင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ထိုနောက် "ကဲ-ကဲ ကော်ဖီသောက် အေးအေးဆေးဆေး စကားပြောရအောင်။ ဒီနေ့ စကား သိပ်ပြောချင်တာပဲ" ဟု ပြောပြန်ပါသည်။

ကျွန်တော်တို့ နှစ်ယောက်သည် လက်ရှိနိုင်ငံရေး အခြေအနေ၊ ကမ္ဘာ့အခြေအနေ၊ မြို့ပေါ်မှ သတင်းများနှင့် ဟိုယခင် အချိန်ကောင်းကြီးစဉ်က ကြည်နူးဖွယ်ရာများကို ပြောကြပါသည်။

"ကိုထွေးမောင်နဲ့ နောက်ထပ်တွေ့ချင်မှ တွေ့ရမယ်. . ဒီတော့ စကားပြောချင်တယ်။ ပြောချင်တာတွေရှိတယ်. . .။ ကိုထွေးမောင်အဖို့မှာ ကိုယ်နဲ့ ပတ်သက်ပြီး မရှင်း မရှင်း ဖြစ်

စရာလေးတွေ ရှိမယ်။ တကယ်ဆိုတော့ ဒီကိစ္စတွေဟာ ခင်ဗျားနဲ့ ဘယ်လိုမှတော့ မပတ်သက်ဘူး။ ဒါပေမဲ့ ခင်ဗျား သိသင့်တယ်။ သိခွင့်ရှိတယ်။ ဘာပဲဖြစ်ဖြစ်လေ ကိုယ်ကတော့ ပြောချင်တာပဲ။ဒါဟာ အင်္ဂလိပ်များ သေခါနီးမှာ ဖွင့်ဟဝန်ခံချက်တွေ ပြောသွားသလိုဟာမျိုးပါပဲ။ ကိုယ်ဟာ ဒါတွေကို အခုထက်ထိ ဘယ်သူ့ကိုမှ မပြောခဲ့ရသေးဘူး”

ကျွန်တော်က သူပြောမည့် အကြောင်းကို သိနေပါပြီ။ သူထင်ထားသည်ထက် ကျွန်တော်က ပို၍ သိနေပါသည်။ သို့သော် ကိုလွန်းအောင်ကား စိတ်ဝင်စားစွာ သူ၏ ဇာတ်လမ်းကို ပြောပြလေတော့သည်။

× × ×

“မျှော်လင့်ချက် ကင်းမဲ့လောက်အောင် ကုပ်ချိနေတဲ့ မစွမ်းမသန်လေး တစ်ယောက်ဟာ ဘယ်လောက်များ ရည်မှန်းချက်ကြီးခဲ့တယ် ဆိုတာကို ခင်ဗျား တွေးမိခဲ့ပေလိမ့်မယ်။ ကြားဖူးခဲ့ပေလိမ့်မယ်. . .

ကြည့်စမ်း။ ကိုယ်ဟာ မစွမ်းမသန်လေးအဖြစ်နဲ့ မွေးခဲ့တယ်။ ဒါပေမဲ့ အသက်ဆယ့်သုံးနှစ်သား၊ ဆယ့်လေးနှစ်သား ဘဝကတည်းက ကိုယ့်ကိုယ်ကို တယ်ပြီး ရည်မှန်းချက်ကြီးပါလားလို့ သိခဲ့တယ်။ ကိုယ်ဟာ ကိုယ့်အဖေကို ချစ်လည်းချစ်တယ်။ မုန်းလည်းမုန်းတယ်။ ကိုယ့်အဖေဟာ ခပ်ရွယ်ရွယ်တုန်းက တော်တော်ရုပ်ဖြောင့်တယ်။ စတိုင်ကျတယ်။ တကယ်လို့ သူဟာ လူနဲ့တူအောင် ကျင့်ခဲ့ရင် လောက

မှာ အထွတ်အထိပ်က နေမဲ့လူပဲ. . .

ဒါပေမဲ့ သူဟာ လူတွေကို မုန်းတယ်။ ရွံတယ်။ စက်ဆုပ်တယ်။ ဒါကြောင့် လောကကြီးကို သူ အရွဲ့တိုက်ခဲ့တယ်။ ဂွလုပ်ခဲ့တယ်။ သူဟာ ကိုယ်တော်တော်လူလားမြောက်လာတဲ့အချိန်အထိ စတိုင်ကျတုန်းပဲ။ ကိုယ်ဟာ လူကသာ မစွမ်းမသန်ဖြစ်ပေမယ့် "လူမစွမ်းနတ်မ ဆိုတာလို ထူးခြားတဲ့ စိတ်တန်ခိုး ရှိခဲ့တယ်။ ကိုယ့်အဖေဟာ ဘယ်လိုလူပဲ ဆိုတာကို သူသိတယ်လို့ ထင်ထားတာထက် ကိုယ်က ပိုသိတယ်။ ဒီအချက်တစ်ခုဟာ သူက ကိုယ့်ကို မုန်းတဲ့အချက်တွေထဲမှာ အရေးကြီးတဲ့ အချက်တစ်ချက်ပဲလို့ ထင်တယ်"

ကိုလွန်းအောင်သည် ကိုယ်ဟန်အနေအထားကို ပြင်လိုက်ပြီးနောက် ဆေးပြင်းလိပ် တစ်လိပ်ကိုယူကာမီးညှိနေပါသည်။

"အသက် ဆယ့်ရှစ်နှစ်လောက်ကျတော့ ကိုယ်လိုချင်တာဟာ ဘာလဲဆိုတဲ့ အချက်ကို သိလာတော့တယ်။ ကိုယ်ဟာ ကိုယ့်အဖေ မဖြစ်ခဲ့သမျှဟာတွေကို ဖြစ်ချင်ခဲ့တယ်။ နိုင်ငံရေးခေါင်းဆောင် မင်းတိုင်ပင်အမတ်၊ ဝန်ကြီး၊ နန်းရင်းဝန် အထိ ဖြစ်ချင်ခဲ့တယ်။ နိုင်ငံတစ်ခုလုံး လက်ဝါးပေါ်တင်ပြီး ချယ်လှယ်ချင်တယ်။ ကိုယ့်နိုင်ငံကို ပြုပြင်ချင်တယ်။ ကိုယ့်ရဲ့ လက်ညှိုးညွှန်ရာကို တိုင်းသူပြည်သားတွေ သွားတာ မြင်ချင်ခဲ့တယ်. . ."

ကိုလွန်းအောင်သည် ကျွန်တော့်မျက်နှာကို ကြည့်ရင်း စကားပြောနေရာမှ ပြုံတင်း

ပေါက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်လေ၏။

"ဒါပေမဲ့. . . အဲဒီတုန်းကတည်းက ကိုယ့်ရဲ့ မစွမ်းမသန်ဘဝကြောင့် ကိုယ်ဟာ ဒါတွေကို ရနိုင်မှာ မဟုတ်ဘူးလို့ သိခဲ့ပါတယ်။ မစွမ်းမသန်ကောင်ဟာ မစွန်ကောင်ဘဲ ဖြစ်ရမှာပဲ. . ."

"နိုင်ငံရေးသမား ဆိုတာက ကြံရည်ဖန်ရည် အရည်အချင်းကောင်းရုံတွင်မကဘူး၊ အင်္ဂါရုပ်ကလဲ ကောင်းဦးမှ ဖြစ်မယ်။ ဥပမိရုပ်ကလဲ လိုသေးတယ်"

"ဒါနဲ့ပဲ ကောလိပ်ကို ရောက်လာရာက. . . ကိုသိန်းထိုက်နဲ့ ဆုံမိခဲ့တယ်။ ကိုသိန်းထိုက် ကိုယ့်ဆီလာပြီး သူ့ကို စာပြပေးဖို့ ပြောတယ်။ ဒါနဲ့ ကိုယ်က သူ့ကို စာပြပေးရတယ်။ ဒီတော့ သူ့မှာ ကစားခုန်လွှားဖို့ အချိန်ပိုရတာပေါ့။ အဲဒီလိုနဲ့ ညတိုင်း ညတိုင်း သူ့ကို စာပြပေးနေခဲ့ရာက တစ်နေ့ကျတော့ သူလဲ ပြန်ထွက်သွားရော ကိုယ့်စိတ်ထဲမှာ အကြံကောင်းတစ်ခု ပေါ်လာတော့တယ်။ ကိုယ့်ရဲ့ရည်မှန်းချက် အောင်မြင်မှုအတွက် ကျေနပ်စရာလမ်းစတွေကို တွေ့လာတယ်။ ကိုသိန်းထိုက်ကို ကိုယ့်ဘဝရဲ့ တစ်စိတ်တစ်ဒေသလုပ်ဖို့ပဲ။ ကိရိယာတစ်ခု လုပ်ဖို့ပဲ။ ကိုယ်အသုံးပြုမဲ့ ပစ္စည်း တစ်ခု လုပ်ဖို့ပဲ"

ကိုလွန်းအောင်သည် သူ့ကိုယ်ကို အရှုံးယူ၍ ထိုင်လိုက်ပါသည်။ ထိုအချိန်တွင် သူ၏ မျက်လုံးများမှာ အရောင်တောက်၍နေပါသည်။

"ကြည့်စမ်း-ကိုယ့်မှာမရှိတဲ့ အရာမှန်သမျှ သူ့မှာရှိနေ

တယ်။ သူ့မှာမရှိတဲ့ဟာတွေက ကိုယ့်မှာ ရှိနေတယ်။ သူဟာ ကာယဗလကောင်းတယ်။ ရုပ်ဖြောင့်တယ်။ လူတိုင်း သူ့ကို ခင်ကြတယ်။ မိန်းမ ယောကျ်ား မရွေး သူ့ကို မြင်ရုံနဲ့ ချစ်လောက်အောင် ရုပ်ဖြောင့်တယ်။ သူ့ရဲ့ အပြုအမူကလဲ ယဉ်ကျေး သိမ်မွေ့တယ်။ နောက်ပြီး သူ့ကို လူတိုင်းက ခင်မင်စေချင်တယ်။ သူ့အပေါ်မှာ လူတကာက ခင်စေ့ချင်တာက တော့ သနားစရာကောင်း လောက်အောင်ပါပဲ။ ဒါပေမဲ့ ဉာဏ်ကျတော့ သိပ်ထိုင်းတာပဲ။ ကိုယ့်ကျပြန်တော့လဲ ဦးနှောက်ကောင်းတယ်။ မှတ်ဉာဏ်ကောင်းတယ်။ သင်လို့ မှတ်လို့ တတ်လွယ်တယ်။ စဉ်းစားတတ်တယ်။ စီမံခန့်ခွဲတတ်တယ်။ လူတွေ ဘာကြိုက်တယ်ဆိုတာကို သိတတ်တယ်။ ကဲ ဘယ်လောက်များ အံ့စရာကောင်းတဲ့အတွဲလဲလို့. . . ”

“ကိုယ်တို့ နှစ်ယောက်ကို ပေါင်းပြီး တစ်ယောက်ထဲ လုပ်လိုက်ရင် ဒီလူဟာ နိုင်ငံရေးလောကမှာ ဘုရားတစ်ဆူ ဖြစ်တော့မှာပဲ။ သူ့စိတ်ကူး မှန်သမျှ ကိုယ့်ရဲ့စိတ်ကူး ဖြစ်ရင် ဘယ်သူလာလို့ ယှဉ်နိုင်ဦးမှာလဲ။ သူပြောတဲ့စကားမှန်သမျှ ကိုယ်ပြောမဲ့စကားတွေ ဖြစ်ရင် အဲဒီအချိန်က ကိုယ်တွေးမိခဲ့တာက သူ့ခန္ဓာကိုယ်ကို ကိုယ်ရဲ့ စိတ်အတွက် အသုံးချဖို့ပဲ”

ကိုလွန်းအောင်သည် မျက်နှာကို ရှုံ့သွားအောင် ပြုံးလိုက်ပြီး “ခင်ဗျားစိတ်ထဲမှာတော့ အင်မတန် ဆန်းတဲ့ဝတ္ထုဇာတ်လမ်းတစ်ခုရဲ့ အစကို တွေ့ရပြီလို့ ထင်နေမှာပဲ။ ဒါပေမဲ့ ဒီ

ဇာတ်လမ်းရဲ့ အဆုံးသတ်ဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်။ ဘယ်လောက် အံ့ဩစရာ ကောင်းတယ် ဆိုတာကိုတော့ တွေးမိမယ် မထင်ဘူး။ ဒီအတွဲ ပြုတ်ပုံဟာ ဘယ်လောက်ကြေကွဲဖို့ကောင်းတယ် ဆိုတာကိုတော့ စဉ်းစားမိမယ် မထင်ဘူး။ သူ့ခန္ဓာကိုယ်မှ ဖြစ်သမျှ ကိုယ့်မှာလည်း လာဖြစ်ရတယ်။ ကိုယ့်စိတ်ထဲမှာ ဖြစ်ချင်သမျှ ဖြစ်သမျှတွေဟာ သူ့မှာ သွားဖြစ်တယ်။ သူဟာ ဘာကိုပဲ စဉ်းစားစဉ်းစား ကိုယ့်ကို လာမေးရတယ်။ လာတိုင်ပင်တယ်။ လာပြောတယ်။ အဆုံးကျတော့ ကိုယ့်စိတ်နဲ့ သူ့ကိုယ်ပဲ ဆိုကြပါစို့။ ဒါပေမဲ့ နေရာတိုင်းမှာ ကိုယ့်စိတ်နဲ့ သူ့ကိုယ် မဖြစ်နိုင်ခဲ့ဘူး။ ဘယ်လိုနေရာလဲဆိုရရင်တော့ မိန်းမကိစ္စပဲ"

ကိုလွန်းအောင်သည် ပြူတင်းပေါက်ဆီသို့ငေးမျှော်ပြန်လေသည်။ အတန်ကြာ ငေးနေပြီးမှ . . .

"သူဟာ မိန်းမတစ်ယောက်ကို ကြိုက်တဲ့အခါ မင်္ဂလာဆောင်တဲ့ အခါတွေကျတော့ ကိုယ်နဲ့မဆိုင်တော့ဘူး။ ကိုယ်နဲ့ ဘာမှ မပတ်သက်တော့ဘူး။ ကိုယ်ဟာ အခုထက်ထိ လူပျိုပဲ။ မိန်းမအကြောင်းကို ဘယ်တော့မှ မစဉ်းစားဘူး။ မိန်းမတွေကလဲ ကိုယ့်ကို ထိချင်ကြလိမ့်မယ်မထင်ဘူး။ နောက်ပြီး ကိုယ့်စိတ်ထဲမှာ တခြားစိတ်က ပြင်းထန်နေတော့ မိန်းမယူချင်တဲ့စိတ်ဟာ ပိတ်ဖုံးနေတော့တယ်။ အဲဒီတော့ ကိုယ်ဟာ ကိုသိန်းထိုက်ကို ချစ်လည်း ချစ်ခဲ့တယ်။ မုန်းလည်း မုန်းခဲ့တယ်။ ကိုယ် သူ့မိန်းမကို သိပ်မုန်း

တယ်. . .

ဒါပေမဲ့ မုန်းတာကိုတော့ မသိစေခဲ့ဘူး။ ဘာဖြစ်လို့မုန်းရသလဲဆိုရင် သူ့မိန်းမဟာ သူ့ခန္ဓာကို ပိုင်ဆိုင်စိုးမိုးသွားလို့ပဲ။ တကယ်ဆိုတော့ သူ့ခန္ဓာကိုယ်ကို ကျုပ်ပိုင်ခဲ့တယ် မဟုတ်လား။ သူဟာ ကျုပ်ခန္ဓာကိုယ်ရဲ့ တစ်စိတ် တစ်ဒေသ မဟုတ်လား။ မိန်းမတွေနဲ့သာ သက်ဆိုင်ပြီး ကိုယ်နဲ့မဆိုင်တဲ့ ခန္ဓာကိုယ်မုန်း သိရက်သားနဲ့ ကိုယ်ဟာ သူ့မိန်းမကို မကျေမနပ်ဖြစ်ခဲ့တယ်"

ကိုလွန်းအောင်က ကျွန်တော့်အား စူးစမ်းသောမျက်လုံးအစုံဖြင့် ကြည့်နေပြန်ပါသည်။

"ကိုယ် ဘာတွေ ပြောနေတယ်ဆိုတာ နားလည်တယ် မဟုတ်လား။ အဲဒါကို ရှင်းပြဖို့တော်တော်ခက်တယ်။ ခပ်ရှုပ်ရှုပ်ပဲ။ ဒါကို စဉ်းစားရင် ကိုယ့်မှာ သိပ်ပြီး စိတ်ထိခိုက်မိတယ်။ မိန်းမဝင်ရှုပ်လာတာဟာ တော်တော် ကြောက်စရာကောင်းတယ်။ ကိုသိန်းထိုက်အဖို့ထက် ကိုယ့်မှာ ပိုဆိုးတယ်။ သူဟာ မိန်းမတွေရဲ့ မြတ်နိုးမှုနဲ့ အချစ်ကိုသာ ခံယူတယ်။ မိန်းမတွေကို မချစ်တတ်ဘူး။ မကြင်နာတတ်ဘူး. . .

သူဟာ ရုပ်ချောတာပဲ ရှိတယ်။ ရုပ်ချောတာဟာ သူ့ချည်းပဲဆိုရင် ဘာမှအသုံးမကျဘူး။ ကိုယ်ဟာ သူ့ကို ကိုယ့်ရဲ့ အကြံဉာဏ်၊ အရည်အချင်း အလိမ္မာတရားတွေကို ပေးခဲ့တယ်။ အပ်ခဲ့တယ်။ ကုန်ကုန်ပြောမယ် ကိုယ့်ကို ချစ်နေတဲ့ မိန်းမကိုတောင် စွန့်ပစ်ခဲ့တယ်။

အခုမှတော့ ကိုယ်. . . အ

ကုန်ဖွင့်ပြောတော့မယ်။ ပြီးတာလည်း ပြီးကုန်ပြီ။ ကိုယ်လည်း မကြာခင် သေရတော့မှာပဲ။ နောက် ဒါဟာ ကိုယ့်ဘဝမှာ ကြေကွဲစရာလဲ ကောင်းလွန်းလို့ပါ။ ကိုယ်. . . အလိမ္မာသုံးမှုတွေကြောင့် ကြေကွဲစရာ ဖြစ်ခဲ့ရတယ်။ ကိုယ့်ရဲ့ အလိမ္မာတရားကြောင့် ကိုယ်ဟာ ဘယ်တုန်းကမှ ကြေနပ်မှုကို မရခဲ့ဘူး။ ကိုယ့်အဖို့မှာ ပိုက်ဆံကိုရသ ထက်ရအောင် ရှာမယ်။ အလုပ်ကို ကြိုးစားလုပ်မယ်။ အမှုအခင်းတွေမှာ နိုင်သထက်နိုင်အောင်လုပ်မယ်။ ကိုသိန်းထိုက်ကို တန်ခိုးသတ္တိရဲ့ ကိရိယာ တစ်ခုအဖြစ် အသုံးချနိုင်သမျှ အသုံးချမယ်ဆိုတဲ့ စိတ်တွေဟာ နေ့နဲ့အမျှ ရှိခဲ့တယ်။ ဒါထက် မင်း မှတ်မိသေးလား။ မင်းနဲ့ကိုယ်နဲ့အတူနေကြတုန်းက ကိုယ်တို့ဆီကို တစ်ညမှာ မအေးကြည်လေးရောက်လာတာ မှတ်မိသေးလား”

“ဟာ. . . မှတ်မိတာပေါ့။ ဘယ်မေ့မလဲ။ ကျွန်တော့် စိတ်ထဲမှာ ဘယ်တော့မှ ဒီအခန်းရောက်မှာလဲလို့ တွေးနေတာ”

“တကယ်ဆိုတော့ ဒီကလေးမလေးဟာ ကိုယ့်ကို ချစ်ရှာတယ်။ ချစ်တယ်. . .။ ဒါပေမဲ့ ကိုယ်က သူ့ကို မစဉ်းစားအားဘူး။ ဂရုမစိုက်အားဘူး။ အဲဟိုညက သူဟာ ကိုယ့်ကို အားကိုးတကြီးနဲ့ လာပြောတော့မှ စိတ်ထဲမှာ အတော်မသက်မသာဖြစ်မိတယ်. . .

ဒါနဲ့ ဘယ့်နှယ်ကြံရပါမလဲလို့ စဉ်းစားလိုက်တော့ လှည်းကူးဘက်မှာ ကိုယ့်အသိထဲက မိန်းမတစ်ယောက်ကို သတိရတယ်။ ဒီတင် သူ့ဆီ ကမန်းက

တန်းပြေးပြီး မိန်းကလေး တစ်ယောက် လာထားပါရစေလို့ ပြောရတယ်။ တစ်ခါ မအေးကြည်လေးကိုလည်း ကိုယ့်အမျိုးတွေဆီမှာ ခဏသွားနေပါလို့ ပြောရတယ်။ အဲဒီမိန်းမကလည်း ခပ်ယုတ်ယုတ်ထဲက ခပ်ညစ်ညစ်ထဲကပဲ။ ဒါနဲ့ သူ့ကို ငွေလေးဘာလေးပေးပြီး မအေးကြည်လေးကို ဆေးကျွေးခိုင်းရတယ်။ ဖျက်ဆီးခိုင်းရတယ်။ ဒါနဲ့ ကိစ္စချောတော့မှ ပြန်လာခိုင်းရတာပေါ့။ ကိုသိန်းထိုက်ကိုလည်း အကျိုးအကြောင်း ပြောပြီး ပိုက်ဆံတောင်းရတယ်။ အဲဒီပိုက်ဆံနဲ့ မချောလေးကို ပေးရတယ်။ နောက်ပြီး မိန်းမကြီးဆီမှာ ဆက်မနေတော့ဘဲ မိန်းမကြီးကို ငွေနှစ်ရာ ကန်တော့ခဲ့ကြတယ်။ သဘောကတော့ သူ့အပေါ်မှာ သားအရင်းလို စောင့်ရှောက်ခဲ့လို့ ကျေးဇူးဆပ်တဲ့သဘောပေါ့လေ။ မိန်းမကြီးက မငြင်းပါဘူး။ အဲဒီတုန်းက မိန်းမကြီးဟာ သူ့သမီးရဲ့အဖြစ်ကို သိချင်မှ သိမယ်။ ဒါပေမဲ့ မိန်းမကြီး ကြည့်ရတာဟာ တကယ်သိရင်တောင်မှ မသိချင်ယောင်ဆောင်ပြီး ငွေကိုသာ အရယူမဲ့ မိန်းမကြီးပါ"

ဤတွင်မှ ထိုစဉ်အခါက အိမ်ရှင်မုဆိုးမကြီး အိမ်ပြင်သည်ကို သတိရမိခဲ့ပါသည်။

"ကိုယ့်စိတ်ထဲမှာ တွေးလိုက်တိုင်း စိတ်မချမ်းသာဘူးဆိုတာဟာ အဲဒီကိစ္စပဲ။ ကိုယ်ဟာ မအေးကြည်လေးကို မချစ်ပေမဲ့ မအေးကြည်လေးဟာ ကိုယ့်မယားဖြစ်ပြီး ကလေးဟာ ကိုယ့်ကလေးများဖြစ်ရင်ဆိုတဲ့ အတွေးမျိုး ဝင်လာပြီး ကိုယ်ကျူးလွန်မိခဲ့တဲ့ အပြစ်ကို အ

တော်ပဲ စိတ်မချမ်းမသာ ဖြစ်မိတယ်။ ဒါပေမဲ့ ဒီမိန်းကလေးဟာ ကိုယ်ပိုင်နေတဲ့ ကိုသိန်းထိုက်ရဲ့ ကိုယ်ခန္ဓာကို ပိုင်ဆိုင်ခဲ့တဲ့သူ မဟုတ်လား. . .။ အဲဒီတော့ ကိုယ့်အဖို့မှာ မအေးကြည်လေးကို ဒီလိုလုပ်မှ ဖြစ်မှာပေါ့။ တကယ်လို့ အဲဒီတုန်းက မအေးကြည်လေးကို သနားပြီး ကိုသိန်းထိုက်ဟာ သူဌေးသမီးနဲ့ မယူဘဲ နေခဲ့ရင် ကိုယ့်အစီအစဉ်အားလုံး အလကား ဖြစ်ကုန်မယ်။ မအေးကြည်နဲ့ သူနဲ့ယူရင် သူ့ဘဝဟာ မအေးကြည်နဲ့ပဲ အဆုံးသတ်မှာပဲ။ အဖိုးတန်မဲ့လူဟာ အညွန့်ကျိုးသွားမှာပဲ။ မအေးကြည်လေးဟာ ယဉ်တယ်၊ ရိုးတယ်၊ အေးတယ်၊ ပညာမရှိဘူး။ သူလိုမိန်းကလေးဟာ ကိုယ်ရဲ့ ရည်မှန်းချက်အတိုင်းဖြစ်ရမဲ့ စီမံကိန်းထဲမှာ မပါနိုင်ဘူး။ သူ့ကို မယူဘဲ သူဌေးသမီးကို ယူမှ ဖြစ်မယ်။ အဲဒီ သူဌေးသမီးလေးသာလျှင် ကိုသိန်းထိုက်အဖို့ အဆင်ပြေမယ်။ ကိုယ့်အဖို့ အဆင်ပြေမယ်။ ကိုသိန်းထိုက်ရဲ့မိဘတွေ စေ့စပ်တဲ့မိန်းမကျတော့ ခန့်တယ်။ ကျက်သရေရှိတယ်။ ချမ်းသာတယ်။ သူ့ရုပ်မှ မင်းကတော်ရုပ်၊ ဝန်ကတော်ရုပ်၊ အမတ်ကတော်ရုပ်၊ နန်းရင်းဝန်ကတော်ရုပ်။ အဲဒီအကြောင်းပြချက်တွေနဲ့ပဲ ကိုယ်ဟာ မိန်းကလေးအပေါ်မှာ ဆိုးဆိုးဝါးဝါး လုပ်ခဲ့မိတယ်။ ရက်စက်ခဲ့တယ်။ လူမဖြစ်သေးတဲ့ သတ္တဝါလေးကို သတ်ခဲ့တယ်။ နောက်တော့မှ ကိုယ့်စိတ်ထဲမှာ ယူကြုံးမရ ဖြစ်ခဲ့မိတယ်”

ကိုလွန်းအောင်သည် ကော်ဖီပုဂံကို လှမ်းယူ၍ သောက်

လေသည်။ ကျွန်တော်က ကိုလွန်းအောင် ကော်ဖီသောက်နေခိုက်တွင်. . .

"ခင်ဗျား အခုလို စိမ်မံခဲ့ပေလို့ပဲဗျို့။ နို့မဟုတ်ရင် ကိုသိန်းထိုက်တော့ ငါးပါးမှောက်မှာပဲ" ဟု ထောက်လိုက်ပါသည်။

"ငတိက ကိုယ့်ကို ကျေးဇူးမတင်ဘူး။ သူ့အဖို့ လောကကြီးမှာ ဘာမဆို အဆင်ပြေနေတယ်။ ဘာမဆို အဆင်သင့်ဖြစ်နေတယ်လို့ ထင်နေတာ"

ထို့နောက် ကိုလွန်းအောင်သည် သူတို့ဇာတ်လမ်းကို ဆက်ပြန်ပါတော့သည်။

"ကိုသိန်းထိုက်ရဲ့ မိန်းမဟာ တကယ်ဆိုတော့ အင်မတန်တော်ပါတယ်။ တကယ်တော်တဲ့မိန်းမပါ။ ဒါပေမဲ့ သူနဲ့ကိုယ်နဲ့ သိပ်ပြီး ပဏ္ဏာမစားဘူး။ အခြေအနေအရ ဒီလိုသာဖြစ်ရမှာပဲ။ ဒါပေမဲ့ ကိုသိန်းထိုက်ဟာ သူဘာလုပ်လုပ် ကိုယ့်ကို မတိုင်ပင်ဘဲ ဘာမှ မလုပ်တတ်တော့ဘူး။ အခြေအနေက ဘယ်အထိများဆိုးသလဲဆိုရင် စီးပွားဆိုင်ရာ လုပ်ငန်းဆောင်တာတွေနဲ့ ပတ်သက်ပြီး သူ့မိန်းမက မေးရင်တောင်မှ ကိုယ့်ကို မမေးရဘဲ မဖြေတတ်တော့ဘူး။ သူ့မိန်းမကို နေပါဦးကွာ ဘာညာနဲ့ လှိမ့်ထားပြီး ကိုယ့်ကို လာမေးနေရရှာတယ်။ အဲ့ဒီလောက်တောင် ဖြစ်နေတော့ သူ့မိန်းမဟာ ကိုယ့်အပေါ်မှာ မနာလို ဝန်တိုမိစ္ဆာတွေပွားလာရတော့တာပေါ့. . .

တဖြည်းဖြည်းနဲ့. . . မိန်းမရဲ့စိတ်ထဲမှာ သူဟာ ကိုသိန်းထိုက်နဲ့သာ မင်္ဂလာဆောင်ခဲ့ရုံ လင်ဖြစ်ရုံမျှမက ကိုယ့်ကိုပါ လင်လုပ်နေရမှန်း သိတော့တာ

ပေါ့။ ဒါပေမဲ့ သူဟာ ကိုသိန်းထိုက်အပေါ်မှာသာ စိုးမိုးရပြီး ကိုယ့်ကိုတော့ စိုးမိုးလို့ မရရှာဘူး။ အဲဒီလို စိုးမိုးလို့မရတဲ့ အတွက် သူ ကိုယ့်ကို မုန်းလာတော့တယ်။ ကိုယ့်ကို မုန်းတဲ့ တစ်ချိန်ထဲမှာပဲ သူဟာ ကိုသိန်းထိုက်ကိုပါ မုန်းလာတော့တယ်။ ဒါပေမဲ့ ကိုသိန်းထိုက်ဟာ ကိုယ်နဲ့ မကင်းနိုင်မှန်း၊ ကိုသိန်းထိုက်နဲ့ သူနဲ့ ညားနေသမျှ သူဟာ ကိုယ်နဲ့ မကင်းနိုင်မှန်း သိလျက်ပဲ။ ကိုသိန်းထိုက်ကလည်း ကိုယ်မပါဘဲ ဘာမှမလုပ်တတ်ဘူး။ သူဟာ ကိုယ့်ရဲ့ အရိပ်လို ဖြစ်နေတာကို မိန်းမက သိတယ်။ ဒီကြားထဲမှာ သားကလေးကလည်း ကိုယ်တို့ တရားဟောထွက်နေတုန်း ဆုံးသွားပြန်တယ်။ မိန်းမကတော့ အတော်တော်တဲ့မိန်းမပဲ. . .”

ကိုလွန်းအောင် ပြောမှပင် ကျွန်တော့်စိတ်တွင် ကိုသိန်းထိုက်တို့ လင်မယားနှင့် ထမင်းအတူ စားခဲ့သည့်နေ့က အကြောင်းများကို သတိရမိတော့သည်။ ထိုစဉ်က ကိုသိန်းထိုက်၏ ဇနီးက ကိုသိန်းထိုက်အား ပမာမခန့်ပြောခဲ့ပုံ၊ ရှုံ့ရှုံ့မဲ့မဲ့လုပ်ခဲ့ပုံများမှာ ယခုမှပင် ရေလည်လာပါတော့သည်။

“အဲဒီမိန်းမဟာ သူတို့အိမ်က ကောင်ကလေးနဲ့ ထွက်ပြေးကြတော့မဲ့နေ့က ကိုယ့်ဆီလာသေးတယ်။ သူ့ကို တွေ့တွေ့ချင်း တစ်ခုခုတော့ ထူးထူးခြားခြား ဖြစ်တော့မှာပဲလို့ တွေးမိခဲ့တယ်။ သူ့မျက်နှာထား၊ သူ့မျက်လုံးတွေကို မြင်တာနဲ့ သူ့အကဲကို ခတ်မိခဲ့တယ်။ သူဟာ ကိုယ့်ရဲ့အလုပ်ခန်းထဲကို ဝင်လာတယ်. . နောက်ပြီး ‘ကျွန်မ

တော့ ဘာပဲဖြစ်ဖြစ် ဘခင်နဲ့ ထွက်ပြေးလာကြပြီ' လို့ ပြောတော့တယ်. . 'ရှင့်ကို ပထမဆုံးလာပြီး အသိပေးတာပဲ" တဲ့

ဒါဟာ တမင်တကာ ကိုယ့်ကို လာပြီး လှောင်တာ၊ ပြောင်တာ၊ ငေါ့တာ၊ ဒီအကြောင်းကို ကိုယ်သိရင် စိတ်မချမ်းမသာဖြစ်တော့မှာပဲဆိုတာကို သူသိလို့ တမင်သက်သက် လာပြီးပြောတာ။ သဘောကတော့ အဲဒီအချိန်မှာ ကိုယ်တို့တတွေဟာ ကိုသိန်းထိုက်ကို ဝန်ကြီးဖြစ်အောင် လုပ်နေကြပြီ။ သူဟာ ကိုယ်တို့ရဲ့ အစီအစဉ်ကို နင်းချေနိုင်စွမ်းရှိတဲ့အကြောင်း ပြလိုက်တာပဲ။ သူ အခုလို ကိုးယိုးကားယား လုပ်လိုက်ရင် ကိုသိန်းထိုက်ဟာ စိတ်တွေ ဂယောင်ချောက်ချားဖြစ်တော့မယ်ဆိုတဲ့ အချိုးကို ချိုးလိုက်တာပဲ။

သူဒီလိုလုပ်တာဟာ အမှန်မှာတော့ ကိုသိန်းထိုက်ကို မထိခိုက်ဘဲ ကိုယ့်ကိုလာပြီးထိနေတယ်။ ကိုယ်စီစဉ်ခဲ့သမျှ ကြံဆောင်ခဲ့သမျှတွေ ဖြစ်လုဆဲဆဲ အောင်မြင်လုဆဲဆဲ အထွတ်အထိပ် ရောက်လုဆဲဆဲမှာ တင်တင်လတ်ဟာ တကတဲ နင်းချေလိုက်တော့တာပါပဲ။

ကိုယ်ဟာ သူ့ကို ဖြောင်းဖြောင်းဖျဖျ ပြောသေးတယ်။ ကိုယ်ဒီလောက်မုန်းခဲ့တဲ့ မိန်းမ၊ ကိုယ့်ကို ဒီလောက်မုန်းနေတဲ့ မိန်းမကို နှစ်နာရီနီးပါးလောက်ကြာအောင် တောင်းပန်ခဲ့သေးတယ်။ မချောကတော့ မတုန်မလှုပ်ဘဲ ကျောက်ရုပ်ကြီးလို နားထောင်နေတယ်။ တော်တော်လေးပြောမိတော့မှ ကိုယ်ပြောတာဟာ အလကားနေမှာပဲလို့ သိလာပါတယ်။ ကိုယ့်ရဲ့

စကားတွေဟာ သူ့စိတ်ကို ပြောင်းလာအောင် မတတ်နိုင်မှန်း သိလာတော့တယ်. . .

ကိုယ်လည်း ဘာမှ ဆက်မပြောတော့ဘဲ လက်လျှော့လိုက်ရတာပေါ့။ ဒီအခါကျမှ မချောကလည်း စကားပြောတော့တယ်။ 'ဒီမယ် ကျွန်မပြောပြမယ် ကိုလွန်းအောင်။ အခုကျွန်မ ဘခင်နဲ့ ထွက်ပြေးလာတာဟာ စင်စစ်တော့ မနိပ်လှပါဘူး။ သူဟာ အလကား အကောင်ပါ။ ကျွန်မထက် ဆယ်နှစ်လောက်အသက်ငယ်တယ်။ ပညာဆိုလို့လည်း 'အေ' ပုတ်လောက်ရေးပြပေမဲ့ သိတာ မဟုတ်ဘူး။ မြန်မာစာတောင်မှ ဖတ်တတ်ရုံပဲ။ သူ့မိဘဆိုတာကလည်း အခြေအနေ မဲ့တွေ။ ကျွန်မက သူ့ထက်ကြီးတယ်။ ကျွန်မက သူ့ကို ခိုးလာတာ။ ဒီတော့ ဖြစ်သမျှအကြောင်းအရာမှန်သမျှဟာ ကျွန်မရဲ့တာဝန်ချည်းပဲ။ ဒါပေမဲ့ သူဟာ ယောက်ျားစစ်စစ်၊ ယောက်ျားစိတ်နဲ့လူ၊ ကိုယ်ရှိသမျှအစွမ်းနဲ့ လုပ်ကိုင်စားသောက်တဲ့လူ၊ သူလိုယောက်ျား တစ်ယောက်နဲ့ ဖြစ်ရာဘဝမှာ ဖြစ်သလိုနဲ့ လုပ်ကိုင် စားသောက်ရတာဟာ တိုက်ကြီး တာကြီးပေါ် နေပြီး လူတကာရဲ့ ရှေ့တန်းက သွားပြီး ဘာမှအသုံးမကျ၊ အကြံတုံး ဉာဏ်တုံးသူ တစ်ယောက်ရဲ့ ဘေးမှာ စတိုင်နဲ့နေရတာထက် စိတ်ချမ်းသာလိမ့်မယ် ထင်ပါတယ်. .

ဒီမယ် ကိုလွန်းအောင်၊ကိုသိန်းထိုက်ဟာ ဘာမှအသုံးမကျတော့ဘူး။ ကျွန်မ သူ့ကို ချစ်လွန်းလို့ ယူခဲ့တယ်။ ဒါပေမဲ့ သူဟာ သူ့ဖာသာသူ ဘာမှ မလုပ်

တတ်ဘူး။ ရှင်ကနေပြီး သူ့ကို ဘာမဆို စီမံဆောင်ရွက်ပေးလေလေ၊ သူရဲ့အရည်အချင်းတွေဟာ ယုတ်လျော့လာလေလေ ဖြစ်လာတယ်။ သူဟာ သူနားမလည်တဲ့အလုပ်၊ သူ စိတ်မဝင်စားတဲ့ အလုပ်တွေကိုတောင်မှ လုပ်ခဲ့တယ်။ နောက်ဆုံးကျရင် အဝတ်အစားဝတ်ဖို့ကိုတောင် ဘယ်အဝတ် ဝတ်ရမယ်ဆိုတာ ရှင့်ကို မေးရတဲ့အဖြစ်မျိုး ရောက်တော့မယ်။ စင်စစ်တော့ ကျွန်မဟာ ကိုသိန်းထိုက်ကို ယူခဲ့ရင်းက ရှင်နဲ့ညားမှန်းမသိ ညားနေတာပါလားလို့ သိလာတယ်။ ကိုသိန်းထိုက်ကို ကျွန်မ စိတ်ထဲရှိသမျှ ပြောနိုင်သေးတယ်။ ရှင့်ကိုတော့ ဘာမှ မပြောနိုင်ခဲ့ဘူး။ ဒါပေမဲ့ ရှင်ဟာ ကျွန်မနဲ့ ကိုသိန်းထိုက်တို့တတွေနဲ့ အမြဲတမ်း အတူရှိခဲ့တယ်။ ရှင်ဟာ ကျွန်မတို့တတွေကို လွှမ်းမိုးအုပ်ချုပ်နေခဲ့တယ်။ ကြိုးကိုင်နေခဲ့တယ်'

ကြည့်စမ်း. . မောင်ထွေးမောင်၊ သူဟာ ခရားက ရေလွှတ်သလို ဒလဟော ပြောချခဲ့တယ်။ ကိုယ်ကတော့ သူပြောတာကို ဘာမှ ပြန်မပြောခဲ့ပါဘူး။ ကိုယ်ဟာလည်း သူနဲ့ညားမှန်းမသိ ညားခဲ့ရတယ်လို့ သိပြီးသားပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဟာ လူကသာ ကိုသိန်းထိုက် မဟုတ်ပေမဲ့ စိတ်ဓာတ်အရှိန်အဝါအားဖြင့် ကိုသိန်းထိုက်ဖြစ်နေပြီကိုး။ ဒါပေမဲ့ ကိုယ်ဟာ သူ့ကို အင်မတန်မုန်းခဲ့တယ်။ မုန်းသမှ အလွန်မုန်းတာပဲ။

ဘာဖြစ်လို့လဲဆိုရင် ကိုယ့်ကို အင်မတန်ချစ်ပြီး ကိုယ်ကလဲ ကြင်နာမိတဲ့ မအေးကြည်

လေးကို ကိုသိန်းထိုက်နဲ့ မပေး စားခဲ့ရဘဲ သူနဲ့ ပေးစားခဲ့ရ လို့ပဲ။ ကိုယ်ဟာ မအေးကြည် အကြောင်းကို တွေးမိရင် နည်း နည်းလေးမှ စိတ်မကောင်းဘူး။ ကိုသိန်းထိုက်ကိုတောင် မုန်း တယ်။ သူ့စကားလည်းဆုံးရော ကိုယ့်စိတ်ထဲမှ ချဉ်ချဉ်ရှိတာနဲ့ သူ့ကို ဘာဖြစ်လို့ယူခိုင်းခဲ့တယ် ဆိုတဲ့အကြောင်းကို ပြောချ လိုက်တယ်။ ကိုသိန်းထိုက်ကိုယ် တိုင် မင်းကိုချစ်လို့ မဟုတ်ဘူး။ သူချစ်တဲ့သူက မအေးကြည်ဆို တဲ့ မိန်းကလေးပဲဆိုတာကအစ ပြောပြလိုက်တယ်"

ကိုလွန်းအောင်၏ မျက်နှာ သည် ကြည့်ရင်းကြည့်ရင်း အို မင်းရင့်ရော်၍လာကာ ကြောက်စရာ ကောင်းလာလေ ၏။ ယခုပင် သေတော့မည်ဟု တွေးမိလောက်အောင်အကြည့် ရ ခက်လာလေ၏။ ကိုလွန်း အောင်သည် ခေတ္တမျှအနားယူ လိုက်ပြီး ကော်ဖီကို ယူ၍ သောက်ပြန်ပါသည်။

"မင်းဟာ မိန်းမ တစ် ယောက်ရဲ့ ဒေါသကို မြင်ဖူးပါ လိမ့်မယ်။ တင်တင်လတ်ဟာ အဲဒီအခါတုန်းကဆိုရင် အင်မ တန်ဒေါသကြီးသွားတယ်။ သူ ဟာ ကိုယ့်ကို လူယုတ်မာ၊ လူ ညစ်၊ အချောင်သမား၊ ထမိနား ခိုချင်တဲ့လူ၊ ဘာညာနဲ့ တော် တော်ရိုင်းရိုင်းစိုင်းစိုင်းပဲ ပြော သွားတယ်။ သူဟာ ကိုယ်နဲ့ ကို သိန်းထိုက်ရဲ့ အကြောင်းကို ကောင်းကောင်းမသိဘူး။ ကိုယ် တို့နှစ်ယောက်အကြားမှာ နား လည်မှုရှိတယ်ဆိုတာ သူ သ ဘောမပေါက်ဘူး။ ဒီလိုအဖြစ် မျိုးရောက်လာအောင် ကိုယ် ဟာ နှစ်ပေါင်းဘယ်ရွေ့ဘယ်မျှ

ပျိုးထောင်ဖန်တည်းခဲ့ရတယ်ဆို
တာ သူမသိဘူး. . နောက်ဆုံး
'ကဲ. . . ကျွန်မတော့ အောက်
တန်းစားအလကားကောင်က
လေးနဲ့ပဲ သွားတော့မယ်။
လွတ်လပ်ပျော်ရွှင်စွာ ပကာသ
နကင်းမဲ့တဲ့ လောကကြီးမှာနေ
တော့မယ်။ ရှင်နဲ့ ကိုသိန်းထိုက်
တို့သာ ဝန်ကြီးရာထူးကနေပြီး
နန်းရင်းဝန်ဖြစ်တဲ့အထိ ကြိုး
စားရစ်ပေတော့။ မကြာတော့
ပါဘူး။ နန်းရင်းဝန်လည်း ဖြစ်
လုပါပြီ"လို့ ငေါ့သွားသေးတယ်၊
ကိုယ်က တင်တင်လတ်ကို
စွန့်ပစ်ကြောင်း ကျေညာဖို့ ကို
သိန်းထိုက်ကို ပြောခဲ့တယ်။ ဘ
ခင်နဲ့ တင်တင်လတ် ယူကြ
တယ်။ လင်မယား နှစ်ယောက်
ရန်ကုန်မှာ လိုလို၊ ပဲခူးမှာ လိုလို
သွားလိုက် လာလိုက် သုံးလိုက်
ဖြုန်းလိုက် နေကြရာက တစ်နှစ်
လောက်ကြာတော့ ငတိလေး
က သူ့ဆီက စိန်တွေ ရွှေတွေခိုး
ပြီး လစ်ပါလေရောဗျား။ အဲဒီ
တုန်းက သူတို့ မေမြို့မှာ. . .
ရောက်နေတယ်။ ကိုယ့်ဆီကို
တောင် စာရေးပြီး အကျိုးအ
ကြောင်း ပြောပြရှာတယ်။ တင်
တင်လတ်လည်း အဲဒီမေမြို့မှာ
ပဲ မမာပြီး ခုတော့ သေသွားသ
တဲ့။ သူကိုယ်တိုင်ကလည်း
လောကကြီးမှာ မနေချင်တော့
ဘဲကိုး။ အင်း. . . အခုတော့
ဖြင့် အမတ်ကတော်ကြီး တင်
တင်လတ်ကို တိုင်းပြည်က မေ့
နေကြပြီ. . . "

ကျွန်တော်သည် ကိုလွန်း
အောင်၏စကားကို နားထောင်
ရင်း မိန်းမများ၏ မိုက်မဲသော
စိတ်ကို တွေးမိပါသည်။ သူတို့
၏ ထူးခြားဆန်းကြယ်သော အ
တွေးနှင့် ထူးခြားသည့် လက်

စားချေပုံကို စဉ်းစားကာ ရွံ့ရှာမိပါသည်။ သူတို့၏ လက်စားချေပုံမှာလည်း သူတို့တွင်သာ နစ်နာစရာ ဖြစ်တတ်သည့် သဘောကိုပါ သတိထားမိသည်။

“နောက်ပိုင်းကျတော့ . . . ကိုသိန်းထိုက်ဟာ ကျဆုံးတော့တာပဲ။ ပါတီအဖွဲ့ဝင်တွေက သူ့ကို ဝိုင်းပြီး ဖေးမကြပါတယ်။ ကူညီကြပါတယ်။ အဲဒီတုန်းက ကိုယ်က သူ့ကို ဘယ်လိုဖြစ်စေချင်သလဲဆိုရင် လက်ရှိအမတ်ရာထူးက နုတ်ထွက်လိုက်ပြီး တစ်တိုင်းတစ်ပြည်ကို ထွက်သွားစေချင်တယ်။ ဟိုမှာ ကျကျနန ပညာထပ်သင်ပြီးမှ လာစေ့ချင်တယ်။ ပြီးတော့ . . . ကိုယ်နဲ့လွတ်လွတ်ကင်းကင်းနေပစေပေါ့။ ဒါပေမဲ့ သူက လက်ရှိအခြေအနေက မပျက်စေချင်ဘူး . . .

“သူ့မိန်းမ ထွက်ပြေးတဲ့ညက သူဟာ တော်တော်လေး ဒေါင်ချာစိုင်းသွားတယ်။ သူ့မိန်းမကို ဒီလောက်ချစ်လှလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ . . . သူ့မိန်းမက ဒီပြင်လူတစ်ယောက်နဲ့ ယူရာမှာ သူ့ထက်အဆင့်အတန်း သိပ်နိမ့်နေတဲ့ ချာတိတ်နဲ့ ယူလို့ပဲ။ သူ့မိန်းမ လင်နောက်လိုက်ပြေးတဲ့သတင်းကို ကြားရတော့ သူဟာ ချုံးပွဲချပြီး ငိုသတဲ့။ ကလေးလေး တစ်ယောက်လို အရှက်မရှိဘဲ ငိုတော့သတဲ့။ သနားစရာကောင်းပါတယ်။ သူ့ဘဝကိုသာ သူပြန်ပြီး သနားနေတာပဲ။

သူ့ပါတီဝင်တွေဟာ သူ့ကို ဝိုင်းပြီး မြှောက်ကြပေမဲ့ နောက်တစ်ချီ ရွေးကောက်ပွဲကျတော့ လိမ့်တော့တာပဲ။ မကျခင်တုန်းက သူ့နောက်လိုက်တွေဟာ သူ့

ကို ဝိုင်းပြီး အားပေးကြတယ်။ ပါတီတွေ ခဏခဏ ပေးတယ်။ အရက်နဲ့ ဖြေ၊ အပျော်အပါးနဲ့ ဖြေ၊ အမျိုးမျိုး ဖြေဖျော်ကြတယ်။ ကိုယ်ကလည်း သူ့အပေါ်မှာ စိတ်ပျက်လာခဲ့တယ်။ သူကလည်း ကိုယ့်ကို အရင်က လို တိုင်တိုင်ပင်ပင် မရှိတော့ဘူး။ သူထင်ရာ သူ လုပ်တယ်။ ကိုယ်ပေးတဲ့ အကြံဉာဏ်တွေကို မလိုက်နာတော့ဘူး. . .

နောက်. . . သူ မိန်းမယူပြန်တယ်။ ကိုယ့်ကိုသာ တိုင်ပင်ခဲ့ရင် ယူရမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူက သူ့ဖာသာသူ ဆုံးဖြတ်တယ်။ သူ့ပတ်ဝန်းကျင်က လူတွေကလည်း မြှောက်ပေးကြတယ်။ ဒီလူဟာ အဲဒီအချိန်ထိအောင် ကံကောင်းတုန်းပဲ ရှိသေးတယ်။ သူ့မိန်းမဟာ ပိုက်ဆံရှိတယ်။ မင်းမြင့်ဖူးခဲ့တယ် မဟုတ်လား။ ရုပ်ကတော့ သိပ်မနိုပ်လှဘူး။ ဒါပေမဲ့ သူ့ကို ကြည်ညိုတယ်။ လေးစားတယ်။ မြတ်နိုးတယ်။ အထင်ကြီးတယ်။

လင်နဲ့မယား တည်မြဲမှုမှာ တစ်ယောက်ကို တစ်ယောက် အထင်ကြီးမှုလည်း လိုတယ်။ တချို့လင်မယားတွေဟာ လင်ရောမယားပါ တစ်ယောက်မှ ဟုတ္တိပတ္တိ တော်ကြ တတ်ကြတာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ဟာ တစ်ယောက်ကို တစ်ယောက် အထင်ကြီးခြင်းဆိုတဲ့ အနှောင်အဖွဲ့နဲ့ ချီနှောင်ထားကြတယ်။ တချို့ကတော့လဲ လင်က ဘယ်လောက်ပဲ တော်တော် မယားက အထင်မကြီးဘူး။ မယားက ဘယ်လောက်ပဲတော်တော် လင်က အထင်မကြီးဘူး။ဒီလို လင်မယားမျိုးဟာ ကြာရှည်မခံတတ်ဘူး။ တချို့

ကျတော့လည်း တစ်ယောက် ကိုတစ်ယောက် ဘယ်လောက် တတ်တယ်။ သိတယ် ဆိုတာကို နားလည်ကြတယ်။ ကိုသိန်း ထိုက်ဟာ သူ့အပေါ် မှာအထင် ကြီးတဲ့ မယားတွေနဲ့ချည်း တွေ့ ရတယ်။ အဲ့ဒီမယားတွေရှေ့မှာ သူဟာ ဘာပဲလုပ်လုပ် တင့် တယ်နေခဲ့တယ်"

ကိုလွန်းအောင်သည် ခေတ္တ မျှ စကားကို ရပ်နားလိုက်ကာ အနားယူ၍ နေလေ၏။ ကျွန် တော်က ပြန်ရကောင်းမည် လောဟု တွေးတောမိလေ၏။

"သူ့နောက်မိန်းမအကြောင်း ကိုတော့ သိပ်ပြောစရာ မရှိပါ ဘူး။ ဒါပေမဲ့ အဲဒီမိန်းမဟာ အရင်မိန်းမနဲ့တော့ လုံးဝမတူ ဘူး။ ကိုသိန်းထိုက်ကို လွှမ်းမိုး နိုင်တယ်။ ကိုယ်ကလည်း တစ် မျိုးပဲဟော့။ ကိုသိန်းထိုက်ရဲ့ မိန်း မတွေ့ဆိုရင် ဘယ်သူနဲ့မှ အ ဆင်မပြေဘူး။ မြင်မြင်ချင်း မုန်း မိတယ်။ သူကလည်း မုန်းပုံရ တယ်။ ကိုယ်နဲ့ အဆက်ပြတ်သ ထက်ပြတ်အောင် လုပ်တယ်။ နောက်ပြီးတော့ ကိုယ်ကပဲ သူ့ ယောက်ျားကို ကျွန်လိုခိုင်းပြီး အသုံးပြုခဲ့သလိုလို ပြောတယ်။ သူ့ယောက်ျားပြောဖို့ စကား တွေ ဘာတွေကို သူကိုယ်တိုင် ရေးပေးတယ်။ သူကိုယ်တိုင် ရေးပေးတယ်ဆိုတာမှာ ကိုယ် ရေးပေးထားတဲ့ စာတွေကို ပြင် ရေးတာပါပဲ"

"အဲဒီနောက်တော့ ဆုံးခန်း ရဲ့အစကို ရောက်လာတော့ တာပါပဲ။ ကိုသိန်းထိုက်ဟာ လွှတ်တော်ထဲမှာ အရင်ကလို လည်းအာမကျယ်နိုင်တော့ဘူး။ ပုတ်သင်ညို အမတ်မင်း ဖြစ် မှန်းမသိ ဖြစ်ခဲ့တော့တယ်။

ကိုယ်က သူ့ကို ကယ်တင်ဖို့ ကြိုးစားသေးတယ်။ ဒါပေမဲ့ မ တတ်နိုင်တော့ဘူး။ သူ့မိန်းမ ဟာ ကိုယ်နဲ့ ကိုသိန်းထိုက်ကို မကွဲကွဲအောင် လုပ်နေတော့ တယ်။ အဲဒီကြားထဲမှာ ကိုယ် ကလည်း တစ်နေ့ထက်တစ်နေ့ နေမကောင်း ဖြစ်လာတော့ တယ်. . . ကိုယ်လည်း သူ့ကို ဘာမှ မတတ်နိုင်တော့မှန်းသိ တဲ့နေ့မှာ သူဟာလည်း လိမ် တော့တာပဲ။ အမှန်မှာတော့ ကိုယ့်ဘဝမှာ ကိုယ်ဟာ တစ် သက်လုံး တိုက်ပွဲတွေဆင်လာခဲ့ ရတယ်။ အောင်မြင်သင့်သ လောက် အောင်မြင်ခဲ့ရတယ် ထင်ရပေမယ့် နောက်ဆုံးမှာ တော့ အကြီးအကျယ် ရှုံးနိမ့်ခဲ့ တာပဲ။ အရှုံးပေးခြင်းနဲ့ အဆုံး သတ်ခဲ့ရတော့တာပဲ။ တကယ် တန်း ဆန်းစစ်လိုက်တော့

ကိုယ်ဟာ လူသုံးယောက်ကို ဖျက်ဆီးခဲ့သလို ဖြစ်နေတော့ တယ်။ ကိုယ်ဟာ ကိုသိန်းထိုက် ရယ်၊ သူ့မိန်းမရယ်၊ နောက်ဆုံး ကိုယ့်ကိုယ်ကိုပါ ဖျက်ဆီးခဲ့ တော့တယ်။ ကိုယ်ရဲ့ အကူအ ညီကင်းမဲ့တော့တဲ့ တစ်နေ့မှာ ကိုသိန်းထိုက်ဟာ ဘာမှမလုပ် တတ်တော့ဘူး။ ကိုယ်ရဲ့အကြံ ဉာဏ်တွေဟာလည်း ကိုသိန်း ထိုက်နဲ့ ကိုယ်နဲ့ ကင်းကွာတော့ တဲ့နေ့မှာ ဘာမှ မတတ်နိုင် တော့ဘူး။ ကျုပ်တို့နှစ်ယောက် ကြားမှာ ရောက်လာတဲ့မိန်းမ တွေလည်း ဘယ်လောက်ဒုက္ခ ရောက်မယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ ကိုယ်ဟာ ဝတ် လုံကောင်းအဖြစ်နဲ့ အောင်မြင် တယ်။ ငွေလည်း ရအောင်ရှာ နိုင်တယ်။ ဒါပေမဲ့ ကိုယ်လိုချင် တာက ဒါမဟုတ်ဘူး။ ကိုယ်လို

ချင်တာက ထင်ရှားမှုရယ်၊ လူတကာရဲ့ ချစ်ခင်လေးစားမှုရယ်၊ တန်ခိုးအာဏာရယ်၊ ဒါပဲ။ ကိုယ်ဟာ ကလေးဘဝကတည်းက နန်းရင်းဝန် ဖြစ်ချင်ခဲ့တယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်တွေကလည်း ကိုသိန်းထိုက်က နေပြီး တစ်ဆင့်လုပ်မှ လုပ်လို့ဖြစ်မယ်။ ဒါကြောင့်မို့ ကျုပ်လိုချင်တာတွေကို ကိုသိန်းထိုက်ဆီက တစ်ဆင့် လုပ်ခဲ့ရတော့တယ်။ နောက်ဆုံးကျတော့ ကိုယ်လုပ်သမျှတွေဟာ သူ့ကိုယ်သူ ဘဝင်မြင့် ကျန်ရစ်ခဲ့ဖို့ပဲ ဖြစ်စေတော့တယ်။ သူဟာ သူ့မိန်းမ မြှောက်ပင့်မှုတွေကို အဟုတ်မှတ်ပြီး ဘဝင်မြင့်လာတော့တယ်။ ဘဝင်မြင့်တဲ့နေ့ကစပြီး သူ့ဘဝဟာ အဖတ်ဆယ်လို့ မရတော့ဘူး။ သူ့ကိုယ်သူ အသုံးမကျမှန်း သိလာတော့တဲ့ တစ်နေ့မှာ သူ့ကိုယ်သူ မေ့ဖို့ ကြိုးစားတော့တယ်။ ဒါကြောင့်သူဟာ အရက်ကို နေ့မလင်း၊ ညမလင်း သောက်တော့တယ်။ အဲဒီအချိန်မှာ ကိုယ်ဟာ အိပ်ရာက မထနိုင်တော့ဘူး။ ကိုယ့်တပည့်လေး သုံးယောက်နဲ့ အမှုတွေ လက်ခံပြီး ငွေရအောင် ရှာရတော့တယ်. . .”

ထိုအခိုက်တွင် သူနာပြုဆရာမသည် ကျွန်တော်တို့ အနီးသို့ ဝင်လာလေတော့သည်။

“အစ်ကိုကြီး စကားတွေ ပြောလှချေလား။ မောနေမှာပေါ့။ ဆေးသောက်ဖို့ အချိန်ကျပြီ. . .”

ဆရာမသည် ဆေးတစ်ခွက်ကို ယူလာပြီး တိုက်ပါတော့သည်။ ကိုလွန်းအောင်ကား စကားတွင် စိတ်ဝင်စား

နေသောကြောင့် အရှိန်ရနေသော်လည်း လူကိုယ်တိုင်ကမူ မောဟိုက်နွမ်းနယ်လျက်ရှိပါသည်။

"ကိစ္စမရှိပါဘူး။ သူနဲ့ စကားပြောရတာ ကျုပ်အဖို့မှာ အားသစ်တောင်တက်ပါသေးတယ် ဆရာမ။ ပြောချင်တာတွေ ပြောရတာ အရသာတစ်မျိုးပဲ"

ကိုလွန်းအောင်သည် ဆေးတစ်ခွက်ကို တစ်ကျိုက်တည်းနှင့် မော့လိုက်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေပါတော့သည်။ ကျွန်တော်သည် ကိုလွန်းအောင်နှင့် ကိုသိန်းထိုက်တို့ အကြောင်းကို နားထောင်ရင်း. . ကျွန်တော်တို့ ငယ်စဉ်က သင်ခဲ့ရသည့် ဆဋ္ဌမတန်း ဖတ်စာအုပ်ထဲမှ ဘုရားအလောင်း စူဠမနေ့ဂ္ဂဟ လေးသမားနှင့် ဘီမသေန ရက်ကန်းသည်တို့ အတ္ထုပ္ပတ္တိကို သတိရမိပါတော့သည်။

ရှေးအခါက စူဠမနေ့ဂ္ဂဟ အမည်ရှိသော လေးသမားသည် လေးအတတ်၌ တစ်ဘက်ကမ်းခတ်သမျှ တတ်ကျွမ်းခဲ့သော်လည်း ကိုယ်လက်အင်္ဂါ ချိနဲ့ကာ ခါးကုန်းကောက်ကွေးနေသောကြောင့် ဘုရင်မင်း၏အပါးတော်သို့ မဝင်နိုင်ဘဲ ရှိလေ၏။ ဤသို့နေခဲ့ရာမှ တစ်နေ့တွင် ဘီမသေန အမည်ရှိသော ရက်ကန်းသမားတစ်ဦးနှင့် တွေ့လေ၏။ ဘီမသေနကား ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းကာ ဥပမိရုပ်အားဖြင့် ကောင်းမွန်သော်လည်း ပညာအရည်အချင်းမရှိသော မိန်းမတို့၏ အလုပ်ဖြစ်သော ရက်ကန်းအလုပ်ကိုပင် လုပ်ကိုင်နေရလေသည်။ ဘုရားအလောင်း

လေးသမားနှင့်တွေ့သောအခါ တွင်မူ ဘီမသေနအား လေးသမားကြီးဟန်ဆောင်စေ၍ နန်းတော်သို့ ဝင်ကြလေ၏။ ဘုရားအလောင်းမှာမူ နောက်ပါတပည့်အဖြစ် ခစားရလေ၏။ သို့နေခဲ့ကြရာ နယ်စပ်တွင်ရှိ ဇနပုဒ်အရပ်တွင် ကျားကြီး တစ်ကောင် သောင်းကျန်းနေသည်ဟု ကြားရသောကြောင့် ဘုရင်မင်းမြတ်က ဘီမသေနအား နှိမ်နင်းရန် လွှတ်လိုက်လေ၏။ သို့သော် စူဠဓနုဂ္ဂဟ လေးသမား၏စွမ်းဆောင်ချက်ကြောင့် အောင်မြင်ခဲ့၏။ ဘီမသေန လေးသမားမှာမူ ကျားသံကြားကတည်းက ခြုံကြားထဲတွင် ပုန်းအောင်းနေခဲ့၏။ စူဠဓနုဂ္ဂဟာ၏ အစွမ်းကြောင့် ကျားကြီးသေသွားတော့မှပင် ခြုံထဲမှ နွယ်ကြိုးတစ်ချောင်းကိုင်၍ ထွက်လာကာ "ငါက အရှင်လိုက်ဖမ်းရန် စီစဉ်နေသည်ကို အဘယ်ကြောင့် သတ်ပစ်ရသနည်း"ဟု မေးလေသေးသည်။

ထိုအချိန်မှစ၍ ဘီမသေနသည် ဘုရင်၏ချီးမြှင့်မြှောက်စားခြင်း ခံရလေရာ တစ်နေ့ထက်တစ်နေ့ ကောင်းစား၍ လာပြီး စူဠဓနုဂ္ဂဟကိုပင် မထေမဲ့မြင်ပြုသည်အထိ ဘဝင်မြင့်လာလေတော့၏။ သို့ရာတွင် တစ်နေ့သောအခါ အခြားတိုင်းတစ်ပါးနှင့် စစ်ဖြစ်ကြသည်တွင်မှ ဘီမသေနအား ဆင်ပေါ်တင်၍ ခေါ်သွားလေရာ ဘီမသေနမှာ တိုက်ပွဲကို မြင်ရုံနဲ့ ကြောက်လန့်ကာ အရှက်ကွဲနေခိုက် စူဠဓနုဂ္ဂဟာလေးသမားက ဝင်ရောက်ပစ်ခတ်တော့မှ တိုက်ပွဲနိုင်ခဲ့လေသည်။ ဘုရင်မင်းမြတ်လည်း စူဠဓနုဂ္ဂဟာ၏

အစွမ်းကို သိကာ ဘီမသေန အား ဘုရင့်လေးတော်ရာထူးမှ ချကာ စူဠမနုဂ္ဂဟလေးသမား ကိုသာ ရာထူး ခန့်အပ်လေတော့သည်။

ကိုသိန်းထိုက်နှင့် ကိုလွှန်းအောင်တို့အရေးမှာလည်း ဤအတိုင်းပင် ဖြစ်လေသည်။ သို့သော် ခြားနားချက်ကား ရှိပါ၏။ ထိုခြားနားချက်ကား ကိုသိန်းထိုက်သည် ဘီမသေနကဲ့သို့ အရှက်တကွဲ မဖြစ်ခြင်းနှင့် ကိုလွှန်းအောင်သည် စူဠမနုဂ္ဂဟကဲ့သို့ နောက်ဆုံးသူ၏ရည်မှန်းချက် ဖြစ်မသွားခြင်းတို့ပေတည်း။

"နောက်ဆုံး မအေးကြည်လေးကရော ဘယ်လိုဖြစ်သွားသလဲ"

"မအေးကြည်လေးဟာ အဲဟိုက ပြန်လာပြီးတဲ့နောက် ကိုယ်နဲ့ တွေ့ကြသေးတယ်။ မအေးကြည်လေးဟာ ကိုယ့်ကို အတော် ဂရုစိုက်တယ်။ ခင်တွယ်တယ်။ တစ်နေ့ကျတော့ သူဟာ ရှင်းရှင်းပဲ ကိုယ့်ကိုဖွင့်ပြောတယ်။ ပါးစပ်နဲ့ မပြောရဲရှာလို့ စာနဲ့ရေးပြောတယ်။ သူ့စာလေးက အတော်သနားစရာကောင်းတယ်။ ကိုယ့်ကို ချစ်ပါတယ်။ ကြိုက်ပါတယ်ဆိုတဲ့ စကားမျိုးတော့ မပါဘူး။ ဒါပေမဲ့ ကိုယ့်ကို ပြုစုချင်တယ် ယုယချင်တယ် ဆိုတဲ့ အကြောင်းပါပဲ"

"ခင်ဗျားကရော စာမပြန်ဘူးလား. . ."

"မပြန်ဘူး။ ဘယ်လိုမှ စာမပြန်ဘူး။ နောက်ပြီး ကိုယ့်အပေါ်မှာ ဒုက္ခိတ မစွမ်းမသန်တစ်ယောက်လို သဘောထားတာကို စိတ်ထဲက မကျေနပ်

ဘူး။ မခံချင်ဘူး။ ကိုယ့်ကို သနားလှချေရဲ့လို့ ပြောတာကို ကျုပ်ဟာ အဆဲခံရတာထက် နာတယ်။ ဒေါပွတယ်။ ဒါကြောင့် ကိုယ့်ကိုတောင် ကိုယ်မသနားဘူး။ ကိုယ့်ကိုယ်ကို ဖြစ်မှဖြစ်ရလေခြင်းလို့လဲ တစ်ခါမှ မတွေးခဲ့ဘူး. . ."

"ကိုလွန်းအောင်ကရော မအေးကြည်ကို ဘယ့်နှယ်သဘောရသလဲ. . ."

"ချစ်တော့ ချစ်တာပေါ့ ကိုထွေးမောင်။ ကျွန်တော် ချစ်တာပေါ့။ သဘောလဲကောင်း၊ ရိုးလဲရိုး၊ ရုပ်ကလေးကလဲ သနားကမားနဲ့ ကျွန်တော်မြင်စကတည်းက ချစ်မိခဲ့သပေါ့။ ဒါပေမဲ့ မချစ်သလို နေတာက မကောင်းပေဘူးလား။ နောက်ဆုံးမှာ ကိုယ့်စိတ်ထဲမှာ တွေးလိုက်တိုင်း မချိတဲ့ အချက်ကတော့ သူ့ကလေးဟာ ကိုယ့်ကြောင့်ဆုံးသွားရတဲ့ အချက်ပဲ"

"အခုလောက်ဆိုရင် သူ့ခများလဲ လင်တွေ သားတွေ ရနေရောပေါ့. . ."

"မပြောတတ်ဘူး။ ရချင်လဲ ရမှာပဲ။ ဘယ်လိုများ လုပ်ကိုင်စားသောက်နေသလဲ မသိဘူး။ ကမာရွတ်ထဲမှာမှ ရှိသေးရဲ့လား မသိဘူး. . ."

ကိုလွန်းအောင်သည် ပြူတင်းပေါက်ဘက်သို့ ငေးနေရာမှ ဟင်းကနဲ သက်ပြင်းချလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ပြန်ချိန်တန်ပြီဟုထင်မိပါသည်။

ထို့ကြောင့် ပြန်ရန် နှုတ်ဆက်ရပါတော့သည်။

"သွားမယ်ဗျာ. . . ကိုလွန်းအောင်. . ."

"ဟုတ်ကဲ့ဗျာ. . . အဲဒါတွေဟာကျွန်တော့်ရဲ့ နောက်ဆုံး

ဝန်ခံချက်တွေနေမှာပါပဲ။ တစ်ခုမှလဲ မုသားစကားမပါပါဘူး"

"နေပါဦးဗျ. . ကိုသိန်းထိုက်ဟာ မအေးကြည်လေးကို ဘယ်လိုမှ နောက်ထပ် မကြည့်တော့ဘူးလား"

"မပြောတတ်ဘူး။ ကိုယ့်ကိုတော့ တစ်ခါက တိုင်ပင်ဖူးတယ်။ သူ မအေးကြည်လေးကို စောင့်ရှောက်ကျွေးမွေးချင်သတဲ့။ စားစရိတ်လေး ဘာလေး ထောက်ပံ့ချင်သတဲ့။ ဒါပေမဲ့ ကိုယ်က တားခဲ့တယ်"

"ဟင်. . ဘာဖြစ်လို့လဲ"

"ပြန်ပြီးနိုးစပ်သွားမှာစိုးလို့ပဲ။ အဲဒါပေါ့. . . မောင်ထွေးမောင်၊ ကိုယ်မှားတယ်။ ကိုယ်မိုက်ခဲ့တယ်ဆိုတာ ဒါတွေပေါ့။ ကိုယ့်အပြစ်တွေချည်းပဲ။ တကယ်လို့သာ ဟိုအခါတုန်းက ကိုယ်ဟာ ကိုသိန်းထိုက်ကို မအေးကြည်လေးနဲ့ ယူသာ ယူလိုက်ပါကွာဆိုရင် သူယူမှာပဲ။ ယူပြီး ဘီအေးအောင်လို့ ကျောင်းဆရာတို့ ရုံးဝန်ထောက်တို့လုပ်ပြီး အေးအေးဆေးဆေး မထင်မရှားနေသွားမှာပဲ။ ခုလိုလဲ ဘဝင်မြင့်တာတွေ ဘာတွေလဲ ဖြစ်မှာမဟုတ်ဘူး။ ခုလို စိတ်ပျက် လက်ပျက်နဲ့ အရက်သမားဘဝကို ရောက်ရမှာလဲ မဟုတ်ဘူး။ ရသမျှဝင်ငွေလေးနဲ့ သူ့အမေတွေ အစ်မတွေဆီက ရမဲ့ အမွေတွေနဲ့ အေးနေမှာ။ အခုတော့ သွားပြီ။ ပျက်စီးပြီ။ ဖျက်ဆီးတဲ့သတ္တဝါကတော့ ကျုပ်ပဲ. . . ကျုပ်ဖျက်ဆီးခဲ့တာပဲ"

ကိုလွန်းအောင်၏ မျက်နှာကား. . ကြည့်ရင်း ကြည့်ရင်း ကြောက်စရာကောင်းလုမျှ အိုမင်းရင့်ရော်လာချေပြီ။ ကျွန်

တော်သည် ကိုလွန်းအောင်နှင့် စကားဆက်လက်၍ မပြောသင့်ပြီဟု ယူဆသောကြောင့် ပြန်လာခဲ့ရလေတော့သည်။

× × ×

ကိုလွန်းအောင်ကား အမှန်ပင် သူ ပြုမူခဲ့ပုံများနှင့် ပတ်သက်၍ အလွန်စိတ်မာတ်ပျက်နေပုံရလေသည်။ ကျွန်တော်က မည်သို့ကယ်ရပါမည်နည်းဟု ကြံမိသည်။ ကိုလွန်းအောင်ထံမှ ထွက်လာပြီးနောက် ကျွန်တော့်စိတ်တွင် အသိဉာဏ်တစ်ခု ဝင်လာပါသည်။ ထို့ကြောင့် ကမာရွတ်ဘက်သို့ လှည့်ခဲ့မိပါသည်။ ကမာရွတ် ရွာသစ်ဘက်သို့ ရောက်သောအခါမှ မအေးကြည်လေး နေသည့်အိမ်ကို သတိရလာသဖြင့် အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့ပါသည်။

မအေးကြည်လေး၏ အိမ်ကား ဟောင်းနွမ်း အိုမင်းလျက်ရှိပေပြီ။ ကျွန်တော့်အား မအေးကြည်က ရုတ်တရက် မမှတ်မိသော်လည်း ကျွန်တော်ကမူ ကောင်းစွာ မှတ်မိနေပါသည်။

“ဘာကိစ္စပါလဲရှင်”ဟူ၍ပင် မေးလိုက်သေးသည်။

“ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား” ဟု အစချီကာ ကျွန်တော်က ထိုစဉ်က အကြောင်းများကို ပြန်ဖော်ပေးမိလေသည်။ ဤတွင် မအေးကြည်သည် ရုတ်တရက် မျက်နှာပျက်သွားပြီးမှ ပြန်၍ကြံ့ခိုင်ဆယ်ကာ ကျွန်တော့်ကိုလည်း မှတ်မိကြောင်း ပြောပါတော့သည်။

“ကျွန်တော်လည်း ခုပဲ ကိုလွန်းအောင်အိမ်က ပြန်လာတာ။ ကိုလွန်းအောင်ကြီး အတော်ပဲ မမာရှာဘူး. . .”

"ရှင်. . . ကိုလွန်းအောင်ကြီး မမာဘူး။ ဟုတ်လား။ သူ အခု ဘယ်မှာနေသလဲ. . ."

မအေးကြည်လေးက ပြာပြာသလဲ မေးလေရာ ကျွန်တော်က ကိုလွန်းမောင် နေသည့် ခြံနံပါတ်ကို ပြောပြလိုက်မိပါသည်။

"ဘာလုပ်မလို့လဲ ခင်ဗျား သွားမလို့လား"

"မပြောတတ်သေးပါဘူး။ သူအတော်ပဲ မမာနေသလား"

"ဟုတ်တယ်။ အတော့်ကို မကောင်းဖြစ်နေတယ်။ သိပ်နေတောင် ကြာကြာနေနိုင်မှာ မဟုတ်ဘူး။ ရက်ပိုင်းလောက်ပဲ ရှိမယ်ထင်တယ်. . ."

"ဩော်. . ."

"ဒါထက် ခင်ဗျားအမေ ရော. . ."

"မရှိဘူး။ ဆုံးသွားတာ သုံးလေးနှစ်ရှိသွားပြီ. . ."

"အိမ်ကိုရော လူငှားထား သေးသလား. . ."

"အမေဆုံးပြီးကတည်းက ကျွန်မလည်း လူငှားမထားတော့ပါဘူး။ ကျွန်မ တစ်ယောက်ထဲ ဖြစ်သလိုနဲ့ နေပါတယ်. . ."

"ဩ. . . အိမ်ထောင် မပြုဘဲကိုး။ ဒါထက် ကိုသိန်းထိုက်နဲ့ရော တွေ့သေးသလား. . ."

ဤအကြိမ်တွင်လည်း မအေးကြည်လေးမှာ မျက်နှာပျက်၍ သွားပြန်ပါသည်။

"မတွေ့ပါဘူး။ ဘယ်တွေ့ရမလဲရှင်။ သူက အမတ်တွေ ဘာတွေ ဖြစ်ခဲ့တာပဲ။ ကျွန်မတို့လို ဆင်းရဲသား သွားရင် မမှတ်မိဘူးလို့တောင် ပြောမှာပေါ့။ မတွေ့ဝံ့ပါဘူး"

"ဒါပါပဲ. . . ကျွန်တော်လဲ

ကိုလွန်းအောင်နဲ့ စကားစပ်လို့ ပြောမိရာက "ခင်ဗျားကို သတိရလာတာနဲ့ တွေ့လိုတွေ့ငြား လာရှာတာပါ။ ဒါပဲ. . ."

ကျွန်တော်သည် မအေးကြည်လေး ဧည့်ခံသော လက်ဘက်ရည်ကြမ်းကို သောက်ပြီးနောက် ပြန်လာခဲ့ပါသည်။ မအေးကြည်လေးကား ယခင်ကကဲ့သို့ပင် ရိုးရိုးအေးအေးလေးပင် ရှိသေးသည်။ ကိုလွန်းအောင်၏အကြောင်း ပြောရာတွင် ဂရုစိုက်သံ သနားသံ ပါသလောက် ကိုသိန်းထိုက်၏ အကြောင်းကို ပြောရာတွင်မူ မုန်းတီးရွံရှာသံ ပေါက်နေသည်ကို ကောင်းစွာ သတိထားလိုက်မိပါသည်။ သို့စဉ်လျက် ကိုသိန်းထိုက်နှင့် ကလေးတစ်ယောက်ရသည်ဆိုခြင်းမှာ အံ့စရာပင်ဟု ထင်မိပေသည်။ ကိုလွန်းအောင် ပြောသည့်အတိုင်း ဟုတ်မှ ဟုတ်ပါလေစဟု တွေးမိပါသည်။

ထိုမှ ကျွန်တော်တွင် အလုပ်များလှသဖြင့် ကိုလွန်းအောင်ထံသို့ မသွားနိုင်ဘဲ နေခဲ့ရာမှ တစ်နေ့တွင် သတိရ၍ သွားချင်စိတ် ပေါ်လာသောကြောင့် သွားမိသည့်အခါတွင်ကား ကိုလွန်းအောင်မှာ ကျွန်တော်မရောက်မီ တစ်ညကပင် ဆုံးရှာခဲ့ပြီဟု သိရလေသည်။ ကိုလွန်းအောင်၏ အသုဘသို့ လာကြသည့် ပရိသတ်ကား အတော်ပင် များပေသည်။ နာမည်ကြီး နိုင်ငံရေးသမားများနှင့် လူဂုဏ်တန်ပိုင်းက များပေသည်။ ၎င်းတို့အထဲတွင် ကိုသိန်းထိုက်လည်း ပါဝင်ပေသည်။ မသာအိမ်တွင် ကိုသိန်းထိုက်နှင့် ကျွှက်ထိုသူ ဇနီးတို့

ကိုပါ တွေ့ရပါသည်။

ကိုသိန်းထိုက်ကား. . . သူ့အသက်ထက် အိုမင်းရင့်ရော်လျက်ရှိလေပြီ။ ခါးများပင် အနည်းငယ် ကိုင်းနေသည်ဟု ထင်ရကာ မျက်တွင်းများလည်း ချိုင့်၍နေပါသည်။ ပါးပြင်နှင့် နှာခေါင်းတဝိုက်မှာလည်း အရည်ခွံများ တွန့်လျော့လျက် ရှိလေပြီ။ သို့သော် လှပတင့်တယ်လှသည့် ကျက်သရေကား ယခင်ကကဲ့သို့ပင် ကျန်လျက်ရှိသေးသည်။

ကိုသိန်းထိုက်၏ ဘဝကား တန်ဆောင်းပြသာဒ် စသည်တို့၏ မျက်နှာကျက်နှင့် တူပါသည်။ အထွတ်အထိပ်ဖျားတွင် နေရ၍ အစဉ်သဖြင့် တင့်တယ်လှပခြင်းတို့သာ ဝင့်ဝါနေခဲ့ကာ လူတိုင်း၏အပေါ်တွင် နေရပေသည်။ ယခုအခါတွင် မျက်နှာကျက်ကား ပျက်စီးခဲ့ပြီဖြစ်သော်လည်း လှပတင့်တယ်သည့် အသွင်ကား ကျန်ရစ်ခဲ့ပေသေးသည်။

သူ၏ဇနီးသည်ဆိုသူမှာလည်း အတော် ကောင်းမွန်သော အဝတ်အစားများဖြင့် ကြွားကြွားဝင့်ဝင့်ပင် ရှိပါသည်။ သရဏဂုံ တင်ကြပြီးနောက် မသာအလောင်းကို မြေသို့ချရန် ယူအသွားတွင် အားလုံး ရောရောနှောနှောဖြင့် ထကြပါတော့သည်။

ထိုအခါတွင် အချို့သော သူများက ကိုသိန်းထိုက်ကို ရိုသေလေးစားစွာဖြင့် ပြောလျက် ဆက်ဆံလျက်ပင် ရှိကြသော်လည်း အချို့သော သူများကမူ သူ့အား မမှတ်မိကြတော့ပေ။

ရင်းလူစုထဲတွင် မအေးကြည်လေးပါ ပါဝင်နေသည်ကို

တွေ့ရသောအခါ ကျွန်တော့် စိတ်ထဲတွင် လွန်စွာ အံ့အား သင့်သွားမိပါသည်။ ကျွန်တော် က သူ့အနီးသို့ ကပ်သွားကာ-

"ဩော်. . . မသာလိုက်ပို့သ ကိုး။ ဘယ်သူပြောလို့ သိတာ လဲ"ဟု မေးမိပါသည်။

"ကျွန်မ. . . ရှင်လာပြီးတဲ့ နောက်တစ်နေ့ကတည်းက ကို လွန်းအောင်ဆီကို လာခဲ့ပါ တယ်။ အဲဒီကတည်းက မပြန်ရ သေးဘူး"

"ဩော်. . . ကိုလွန်းအောင် ကို မသေခင်တုန်းက တွေ့ရ သေးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်မ သူ့ ကို လာပြုစုပါတယ်"

ကိုလွန်းအောင်၏အလောင်း ကို မြေသို့ မြှုပ်လိုက်သောအခါ မအေးကြည်သည် ရှိုက်ကြီးတ ငင် ငိုနေပါသည်။ ကိုလွန်း အောင်၏အသုဘတွင် ငိုနေ သောသူဟူ၍ မအေးကြည် တစ်ယောက်သာ ရှိခဲ့ပေသည်။

ကျွန်တော်သည် သူနာပြု ဆရာမအား ကိုလွန်းအောင်၏ နောက်ဆုံး အခန်းကို မေးမိပါ သည်။

"ဒီလိုရှင့်. . . ရှင်လာပြီး နောက်တစ်နေ့မှာ အိမ်ကို အဲ့ဒီ မိန်းမ ရောက်လာတယ်။ သူ လည်း ကိုလွန်းအောင်ကို သူ ပြုစုပါရစေလို့ ကျွန်မကို တောင်းပန်ရှာတယ်။ ကျွန်မက လည်း သူ့ကို သနားတာနဲ့ ရှင့် သဘောပဲလို့ ပြောပြီး ရေနွေး ကျိုတို့၊ ဘာတို့ ဆိုတဲ့ တိုလီမိုလီ ကိစ္စလေးတွေကို ခိုင်းမိခဲ့တော့ တယ်။ သူဟာ ကိုလွန်းအောင် ကို တော်တော်ချစ်မြတ်နိုးပုံရ တယ်။ သူ့ခမြာ အမြဲတန်း မျက် ရည်တဝဲဝဲနဲ့ပဲ။ ကိုလွန်းအောင်

သေတဲ့နေ့ကဆိုရင် သူ့ခမြာ မေ့တောင် မေ့သွားတယ်။ တော်တော်တော့ သနားစရာကောင်းတယ်။ ကျွန်မက ကိုလွန်းအောင်ကို မေးကြည့်တယ်။ ရှင်နဲ့ ဘာတော်သလဲ ဆိုတော့ ဘာမှမတော်ပါဘူးတဲ့။ သူ ငယ်ငယ်က ထောက်ပံ့ခဲ့ဖူးသတဲ့။

ဒါနဲ့ တစ်နေ့ကျတော့ ကျွန်မကလည်း မအေးကြည်ကို ကပ်ပြီး ချော့မော့မေးမိတာပေါ့။ ဒီတော့မှ သူကလည်း မိန်းမသားချင်းပဲ မထူးတော့ပါဘူးလို့ ဆိုပြီး အကြောင်းစုံ ပြောပြတော့တယ်။ သူတို့ငယ်ငယ်က ကောလိပ်ကျောင်းသားတွေကို သူတို့အိမ်မှာ လူငှားအဖြစ်ထားသတဲ့။ အဲဒီလူတွေထဲမှာ ကိုသိန်းထိုက်ဆိုတဲ့လူက အချမ်းသာဆုံး၊ ရုပ်အချောဆုံးပဲတဲ့။ အဲဒီကိုသိန်းထိုက် ရှိနေတုန်းက သူ့ဆီကို လာလည်ကြတဲ့ ကျောင်းသားတွေထဲမှာ ကိုလွန်းအောင်ကို တွေ့ရသတဲ့။ ကိုလွန်းအောင်ကို တွေ့တွေ့ချင်း သူ အင်မတန် သနားသတဲ့။ ကိုသိန်းထိုက်ကိုတော့ လူချော၊ ဥစ္စာပေါမှန်း သိပေမဲ့ နည်းနည်းကလေးမှ မခင်ဘူးတဲ့။ ဒါပေမဲ့ ကိုသိန်းထိုက်က ရောရောဝင်ဝင်နေသလောက် ကိုလွန်းအောင်ကဆိုရင် သူ့ကို ရှိတယ်လို့တောင် အမှတ်ထားပုံမရဘူးတဲ့။ ဒါပေမဲ့ သူကတော့ ကိုလွန်းအောင်ကို ချစ်လည်းချစ်၊ သနားလည်း သနားသတဲ့။

ဒီလိုနဲ့ နေကြရာက တစ်ညမှာ ကိုသိန်းထိုက်ဟာ သူ့ကို အတင်းကြံတော့သတဲ့။ ကိုသိန်းထိုက်ကို ဘယ်လိုပဲ မုန်းတယ်ဆိုပေမဲ့ ကိုသိန်းထိုက်ရဲ့ အ

ပြောအဆို အပြုအမူတွေကိုတော့ သာယာမိခဲ့သတဲ့။ အဲဒီညကလည်း သူဟာ ငြင်းပယ်ရုန်းကန်ဖို့ သတိမရနိုင်ဘဲ ကိုသိန်းထိုက်ရဲ့ အလိုကို လိုက်မိခဲ့သတဲ့။ နောက်လည်း မကြာမကြာပဲတဲ့ သူ့စိတ်ထဲမှာ ကိုသိန်းထိုက်ဟာ ကိုလွှန်းအောင်များ ဖြစ်ရင်တော့ ကောင်းမှာပဲလို့ တွေးမိခဲ့တယ်တဲ့။ အဲဒီလို အောက်မေ့တဲ့စိတ်ဟာကြာတော့ ဘယ်လိုဖြစ်လာမှန်းမသိဘူးတဲ့။ သူ့စိတ်ထဲမှာ ကိုသိန်းထိုက်ကို ကိုသိန်းထိုက်ရယ်လို့ အမှတ်မရှိတော့ဘဲ ကိုလွှန်းအောင်ရယ်လို့ ယူဆလာတော့သတဲ့။ ကိုသိန်းထိုက်နဲ့ လူချင်းဆက်ဆံနေရပေမဲ့ စိတ်ကတော့ ကိုလွှန်းအောင်ဆီကိုသာ ရောက်နေသတဲ့။ ကိုလွှန်းအောင်ကိုသာ တမ်းတနေသတဲ့။

အဲဒီလိုနဲ့ နေခဲ့ရာက နောက်ဆုံး အရှက်ကွဲတော့မဲ့ကိစ္စ ပေါ်လာပြန်တော့လည်း ကိုသိန်းထိုက်ကို တောင်းပန်ဖို့ အကျိုးအကြောင်းပြောဖို့ သတိမရဘဲ ကိုလွှန်းအောင်ဆီကိုသာ ပြေးလာခဲ့သတဲ့။ ကလေးကိုလည်း ကိုသိန်းထိုက်ရဲ့ ကလေးဆိုတဲ့စိတ်မျိုး မမွေးချင်ဘဲ ကိုလွှန်းအောင်ရဲ့ ကလေးလို့သာ အသိအမှတ်ပြုထားချင်သတဲ့။ အဲ့ဒါကြောင့်မို့ပဲ ကိုလွှန်းအောင်ဆီပြေးလာပြီးအကြောင်းစုံ ပြောပြသတဲ့။ နောက် ကိုလွှန်းအောင်ရဲ့ အစီအစဉ်ကိုပဲ ခံခဲ့သတဲ့။

နောက်ဆုံးမှာ သူဟာ ကိုလွှန်းအောင်ကို ချစ်ပါရစေဆိုတဲ့အကြောင်းကို တောင်းပန်စာရေးမိတဲ့အထိ ကြံခဲ့ပါသေးသတဲ့။ ဒါပေမဲ့ ကိုလွှန်းအောင်

ကတော့ ဘယ်လိုမှ မထူးခြားခဲ့ဘူးတဲ့။ အဲဒါ ဟိုနေ့ကတော့ ကိုလွန်းအောင်က သူ့ရင်ဘတ်ကို ကန်လွှတ်တောင်မှ မပြန်ဘဲ ဆက်နေပါတော့မယ်။ ပြုစုပါတော့မယ်လို့ဆိုပြီး နေတော့တာပဲ"

သူနာပြုဆရာမသည် ခပ်ပြုံးပြုံးပင် ပြောခဲ့လေသည်။ ကျွန်တော့်ရင်ထဲမှာမူ နင့်ကနဲဖြစ်ခဲ့၏။ ပြဿနာတစ်ရပ် ရှင်းလင်းသွားခဲ့ပေပြီ။ လူတို့၏ဆန်းကြယ်သော စိတ်တရားကိုလည်း သဘောပေါက်လာပါတော့သည်။ စိတ်နှင့်ခန္ဓာကိုယ်တို့မှာ အတူတွဲနေသယောင်ယောင်နှင့် တကွဲစီဖြစ်ရသည့် သဘောကို ဆင်ခြင်မိပါတော့သည်။

မအေးကြည်လေးအပေါ်တွင် သနားစိတ်ပေါက်လာရာမှ ကိုလွန်းအောင်ကိုပင် ရွံရှာမုန်းတီးသလိုလို ဖြစ်လာပါတော့သည်။ လူအားဖြင့် ချိနဲ့သော ဒုက္ခိတသတ္တဝါဖြစ်သော်လည်း စိတ်အားဖြင့်ကား ခိုင်မာလှပေသည်။ မိန်းမတစ်ယောက်က ကိုယ့်ကို ချစ်နေသည်ကို ပြန်၍မချစ်နိုင်ဟု ငြင်းပယ်စွမ်းသည့်ယောက်ျားကား ရှားလှပေသည်။ ကိုသိန်းထိုက်မှာမူ ကိုယ်ခန္ဓာအားဖြင့် တင့်တယ်ထွားကြိုင်းလှသော်လည်း စိတ်ကားပျော့ညံ့လှပေသည်။

အကယ်၍သာ ကိုလွန်းအောင်သည် ထိုမျှရည်မှန်းချက် မမြင့်မားဘဲ ချိနဲ့သူပီပီနေခဲ့ပါက ကိုသိန်းထိုက်၏ဘဝသည်လည်းကောင်း၊ မအေးကြည်လေး၏ ဘဝသည်လည်းကောင်း၊ ကိုလွန်းအောင်သည်လည်းကောင်း ဤမျှကျဆုံးဖွယ်

ရာ အကြောင်းမရှိနိုင်ပေ။

ပန်းပင်၏ အူတိုင်အတွင်း၌ စွဲမှီကြီးပွားခဲ့သော ပိုးတို့သည် ထိုပန်းပင်မှ ပွင့်သော ပန်းပွင့်တို့နှင့်တကွ အပင်ကိုပါ ဖျက်ဆီးလေသကဲ့သို့ ကိုလွန်းအောင်၏ရင်တွင်းဝယ် ငယ်စဉ်ကတည်းက ကိန်းအောင်းခဲ့သော ရည်မှန်းချက်ကြီးမားမှုသည်လည်း ကိုလွန်းအောင်အပေါ်တွင် ခိုမှီတွယ်လာလျက်ရှိသော ကိုသိန်းထိုက်နှင့် မအေးကြည်တို့၏ ဘဝအသီးသီးကိုသာမက ကိုလွန်းအောင်၏ ဘဝကိုပါ ဖျက်ဆီးချေမှုန်းခဲ့လေပြီ။

ကျွန်တော်သည် ဤသို့လျှင် လူ့ဘဝ၏ ဆန်းကြယ်ပုံများကို ဆင်ခြင်ရင်း ကိုလွန်းအောင်၏ အသုဘ ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့ပါတော့သည်။ ကိုသိန်းထိုက်နှင့်လည်း စကားပြောမိကြပါသေးသည်။

"အေးဗျာ. . . ကျုပ်လည်း ခုတလော ကောင်းကောင်းမမာဘူး။ သိပ်ပြီး အားနည်းတာပဲ။ ကိုယ့်ကိုယ်ကို အတော်ဂရုထားနေရတယ်. . ."

"ခင်ဗျား အသောက်လျှော့ရင် ကောင်းမယ်ထင်တယ်"

ကျွန်တော်က ဤမျှသာ သတိပေးနိုင်ခဲ့ပါသည်။ ကိုသိန်းထိုက်သည် ထိုနေ့က ကတုန်ကရင်ဖြစ်နေသည်ကို ကောင်းစွာ သတိထားမိခဲ့ပါသည်။ ပါးစပ်ကလည်း အမြဲတန်း အရက်နံ့ သင်းနေပါသည်။ ပြသာဒ်မျက်နှာစာကား ချစားခဲ့ပေပြီတကား. . .။

ကိုလွန်းအောင်၏ အသုဘကို သပိတ်သွတ်ပြီးသည့်နောက်တစ်နေ့တွင် ကိုလွန်း

အောင်၏တပည့် ဝတ်လုံလေးများက ကျွန်တော့်အား ကိစ္စတစ်ခုနှင့် ပတ်သက်၍ တိုင်ပင်လိုသည်ဟု ခေါ်သောကြောင့် သွားရောက်တွေ့ဆုံလာရာတွင် အံ့အားသင့်ဖွယ်ရာ ကိစ္စတစ်ခုနှင့် ထပ်မံကြုံတွေ့ရပါတော့သည်။

ကိုလွန်းအောင်၏သေတမ်းစာကို ဖွင့်ရခြင်းဖြစ်ပါသည်။ ကိုလွန်းအောင်သည် ဝတ်လုံလိုက်၍ရသောငွေများအနက် ဘဏ်တွင် စုထားသည့်ငွေများ ရှိပေသည်။ ထိုငွေများမှာ သူသေသွားသည့်နောက်တွင် ဆက်ခံရမည့်သူ မရှိသကဲ့သို့ ဖြစ်နေပါသည်။ ကိုလွန်းအောင်ကား ဘယ်ဆွေမျိုးနှင့်မျှ ဆက်သွယ်သူ မဟုတ်ပါ။ သူ့ဖခင်ကြီး သေဆုံးသွားပြီးသည့်နောက် သူ့တွင် ဆွေမျိုး မရှိသကဲ့သို့ ဖြစ်နေပါတော့သည်။ သူ၏အလုပ် သူ၏တပည့်များ၊ သူ၏ အမှုသည်များ၊ အမှုအခင်းများသာလျှင် သူ၏ဆွေမျိုး ဖြစ်နေပါတော့သည်။

ထို့ကြောင့်လည်း ကိုလွန်းအောင် သေဆုံးသွားသော အခါ ဘဏ်တွင် ကျန်နေသည့်ငွေကို လွှဲမည့်သူ မရှိသကဲ့သို့ဖြစ်နေပါသည်။ သို့သော် ကျွန်ုပ်တို့၏ ကိုလွန်းအောင်ကား ငွေလွှဲပေးရမည်ကို ရည်ရွယ်ပြီးဖြစ်ခဲ့ပါသည်။ သူကား အခြားသူ မဟုတ်။ မအေးကြည်လေးပင် ဖြစ်တော့သည်။

မအေးကြည် အပေါ်တွင် ဆိုးခဲ့လေသမျှ၊ စိမ်းကားခဲ့လေသမျှ၊ အကြင်နာကင်းမဲ့စွာ ပြုခဲ့လေသမျှ ဤသို့လျှင် ချေခဲ့ပေတော့သည်။ ကိုလွန်းအောင်အဖို့တွင် ဤတစ်နည်း

သာ ရှိပေသည်။ ဤနည်းမှ တစ်ပါး အခြားနည်း မရှိနိုင်ပြီ။ ကျွန်တော်တို့တတွေက မအေးကြည်လေးအားခေါ်၍ အကျိုးအကြောင်းပြောပြသောအခါ မအေးကြည်လေးမှာ ချုံးပွဲချ ငိုပါတော့သည်။

မအေးကြည်၏ ရင်ထဲတွင် ဖိနှိပ်မျိုသိပ်ခဲ့လေသမျှတို့ကား ပေါက်ကွဲခဲ့ချေပြီ။ ကျွန်တော်တို့ကို ဘာမျှ မပြောတော့ဘဲ အားပါးတရ ငိုနေသဖြင့် ကျွန်တော်တို့က ချော့မော့ရပေသည်။ သူတို့နှစ်ဦး၏ အတွင်းဇာတ်လမ်းကို မသိရသူများအဖို့ မည်သို့မျှ မထူးခြားခဲ့သော်လည်း ကျွန်တော့်အဖို့တွင်ကား ထူးခြား၍နေပါသည်။ ကိုလွန်းအောင်သည် မွန်မြတ်သော သေခြင်းဖြင့် သေခဲ့ပေပြီ။

"ကျွန်မ မယူရင် မဖြစ်ဘူးလား. . . ကျွန်မ မယူချင်ပါဘူးရှင်။ ကျွန်မလိုချင်တာ ငွေ မဟုတ်ပါဘူး။ ငွေမလိုချင်ပါဘူး" ဟုပင် ငြင်းပါသေးသည်။ သို့သော် ကျွန်တော်တို့က ချော့မော့၍ ပေးခဲ့ရပေသည်။

ကျွန်တော်တို့သည် ပြုသင့်သည့်ကိစ္စများကို ပြုခဲ့ပြီးနောက် ကိုလွန်းအောင်၏အိမ်မှ ထွက်ခွာလာခဲ့ပါတော့သည်။ ထို့နောက်တွင်ကား ကျွန်တော်သည် ကမာရွတ်ဘက်သို့ မရောက်ခဲ့ပါ။ ကိုသိန်းထိုက်နှင့် ကိုလွန်းအောင်တို့၏ အကြောင်းကို စဉ်းစားလိုက်တိုင်း ကောလိပ်တွင် နေခဲ့ကြစဉ်က ကြုံခဲ့ရသည့်အဖြစ်များကို သတိရကာ စိတ်မကောင်း ဖြစ်မိခဲ့ပါသည်။

ထိုမှ မအေးကြည်လေး၏ အကြောင်းကို စုံစမ်းထောက်

လှမ်းမိသောအခါ. . . ကိုလွှန်းအောင်ထားခဲ့သော ငွေဖြင့် အိမ်ကို အသစ်ပြန်၍မွမ်းမံကာ ရှိသမျှငွေများကို အလှူအတန်း ပေးခြင်းဖြင့် သုံးစွဲနေသည်ဟု ကြားရပေသည်။ အိမ်ထောင်လည်း မပြုသေး။ နောင်ကိုလည်း အိမ်ထောင်ပြုလိမ့်မည်ဟုလည်း မထင်ခဲ့ပါ။ ငွေတွေထောင်သောင်းချီ၍ ကျန်ရစ်သော်လည်း ပလွှားဝင့်ကြွားစွာ နေခြင်းလည်း မရှိ။ ပကတိရိုးသားစွာဖြင့် နေနေသည်ဟု ကြားရလေသည်။ သို့သော် စိတ်ချမ်းသာခြင်းကား ရှိပုံမရဟု သိရပါသည်။

တစ်ခါတစ်ရံတွင် သူတို့၏ ဇာတ်လမ်းကို လက်ဝါးပေါ်တွင်တင်၍ စဉ်းစားမိပါသည်။

သူတို့၏အဖြစ်ကို စဉ်းစားလိုက်သောအခါ ကိလေသာနှင့် မေတ္တာ၊ စိတ်နှင့် ကိုယ် စသည့်အရာများသည် တွဲဘက်ပေါင်းစပ်၍ နေသည်ဟု ထင်ရသယောင်ယောင်နှင့် တကွဲစီဖြစ်နေပုံကို မြင်မိလေသည်။

မအေးကြည်နှင့် ကိုလွှန်းအောင်တို့၏ အဖြစ်ကား. . .။ မေတ္တာကိုမှီ၍ ပေါ်ပေါက်ခဲ့၏။ မအေးကြည်နှင့် ကိုသိန်းထိုက်တို့ကိစ္စမှာမူ ကိလေသာ စိတ်တွင်သာမှီ၍ နေပေသည်။ လူတိုင်း အချစ်ဟု ဆိုပါက ကိလေသာစိတ်ဟူသော သဘောပါ ပါဝင်နေသော်လည်း ကိလေသာစိတ်တွင်ကား ချစ်ခြင်းမေတ္တာသည် မပါဝင်ပေ။

တန်ခိုးကြီးမားခြင်းဟူရာတွင်လည်း ကိုယ်ခန္ဓာ၏ တန်ခိုးထက် စိတ်တန်ခိုးက ပြင်းထန်စူးရှပုံကို သိသာနိုင်ခဲ့ပေသည်။ ကိုယ်ခန္ဓာ ချိနဲ့ ကုပ်ကွေးနေ

သည့် ကိုလွန်းအောင်သည် ကိုယ်အင်္ဂါထွားကြိုင်းသန်မာလှစွာသော ကိုသိန်းထိုက်အား စိုးမိုးကြိုးကိုင်ခဲ့သည်မှာ အံ့ဩဖွယ်ရာပင် ဖြစ်ပေတော့သည်။

မအေးကြည်မှာလည်း မိမိစွဲလန်း တွယ်တာနေသည့် လူတစ်ယောက်ကိုသာလျှင် မျှော်လင့်ချက်မရှိပါဘဲ သဲသဲမဲမဲ စောင့်စားနေခြင်းမှာ စဉ်းစားလိုက်တိုင်း ကြေကွဲဖွယ်ရာသာ ဖြစ်ပေသည်။ လူ့ဘဝကား ဤသို့လျှင် ကြေကွဲဖွယ်ရာ အံ့ဩဖွယ်ရာတို့ဖြင့် ရစ်သိုင်းပတ်ဝိုင်းနေသော ပင့်ကူအိမ်ကြီးပေတကား. . .။

ကိုလွန်းအောင် သေဆုံးပြီးသည့်နောက် နှစ်နှစ်ကျော် သုံးနှစ်မျှ ကြာသောအချိန်၌ သတင်းစာတွင်ရှိ နာရေးကြော်ငြာတစ်ခုကို ဖတ်မိရာ စိတ်ထဲတွင် ဘာလိုလို ဖြစ်မိပါတော့သည်။ နာရေးကြေငြာကား ကိုသိန်းထိုက်၏ နာရေးကြော်ငြာပေတည်း။

ကိုသိန်းထိုက်ကို ဝိသေသနပြုကြရာ၌ မင်းတိုင်ပင် အမတ်ဟောင်း၊ တရားသူကြီးဟောင်း၊ ပြည်သူ့အကျိုးဆောင် ပါတီဥက္ကဋ္ဌဟောင်း၊ နိုင်ငံရေးခေါင်းဆောင်ကြီး၊ တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌဟောင်း၊ ဝတ်လုံတော်ရဦးသိန်းထိုက်ဘီအေဘီအယ်လ်ဟု အစဖော်ပြကာ သေဆုံးရပုံကိုလည်း "ကာလ ကြာမြင့်စွာ မမာမကျန်း ဖြစ်ခဲ့ရာမှ" ဟု ရေးထားပေသည်။

ပြသာဒ်မျက်နှာစာကား မြေသို့ ခခဲ့လေပြီ။ ၎င်းမျက်နှာစာကို မွမ်းမံချယ်သခဲ့သည့် ပိသုကာကြီးကား မထင်မရှားဖြင့် မြေအောက်တွင် ဆွေးမြေ့လု

မတတ် ရှိပေပြီ။

ကိုသိန်းထိုက်ကား ဝိညာဉ်ကို နှုတ်ယူခြင်း ခံရပြီးနောက် ရုပ်သေးရုပ်ပမာ ကြိုးဆွဲသမျှ ကနေသည့်ဘဝမှ လွတ်ကင်းပေတော့သည်။

× × ×

မောင်သန်းဆွေ. . .

"မင်းကို ဟိုတစ်နေ့က ဦးပြောခဲ့တဲ့ဝတ္ထုကို ရေးပေးလိုက်ပြီ။ အဲ့ဒါ မင်းပဲကြည့်ပြီး သင့်သလို စီစဉ်ပြင်ဆင်လိုက်ပါ။

"ဝတ္ထုကတော့ ခပ်ဆန်းဆန်းပဲကွ။ ဒီဝတ္ထုကို ရေးချင်စိတ်ပေါ်လာတာဟာ ခုခေတ်မှာ တချို့ နိုင်ငံရေးခေါင်းဆောင် အခေါ်ခံနေတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်အရည်အချင်း မရှိဘဲ ရာထူးဝင်ယူရင် တော်တော်ကြာ မနိုင်မနင်းနဲ့ ကိုးယိုးကားယားတွေ ဖြစ်ကုန်မှာစိုးလို့ပဲ။ ဒီတော့ တကယ်နေရာကောင်းမှာ လုပ်ချင်တဲ့သူဟာ သူနဲ့ထိုက်တန်တဲ့ အရည်အချင်းရှိဖို့လိုတယ်။ ကြိုးစားဖို့လိုတယ်။ လေ့လာသင်ကြားဖို့လိုတယ်လို့ ဆိုချင်တာပဲ. . .။

ဒီဝတ္ထုမှာ ချို့ယွင်းချက်တစ်ခုကို တွေ့လိမ့်မယ်။ ဒီချို့ယွင်းချက်က ဒီဝတ္ထုကို ဘယ်ခေတ်တုန်းက ဖြစ်တယ်ဆိုတာကို အတိအကျ မဖော်ခဲ့ဘူး. . .။

နောက်ပြီး ဝတ္ထုနဲ့နောက်ခံနိုင်ငံရေးရာဇဝင်ကို မဖော်ခဲ့ဘူး။ ဒါကိုတော့ မဖော်ချင်လို့ သက်သက်ချန်ထားတာပဲ။ ငါရေးတာက ဗမာပြည်နိုင်ငံရေးရာဇဝင်မဟုတ်ဘူး။ ဗမာပြည်နိုင်ငံရေးသမားတစ်ယောက်ရဲ့ အကြောင်းပဲ။ သူ့အကြောင်းကိုသာ အဓိကထားပြီး ရေးတယ်။ ဒါကြောင့် ခေတ်အချိန်အခါရဲ့

ရာဇဝင်နောက်ကြောင်းကို မဖော်ခဲ့ဘူး။ ဖော်ဖို့လဲ မသင့်ဘူးလို့ ထင်တယ်။

တကယ်ဆိုတော့ ဒို့ခေတ်ဟာ ကုန်လုဆဲဖြစ်နေပါပြီ။ ဒို့တတွေလဲ အဖိုးကြီး ဖြစ်နေပါပြီ။ မင်းတို့လူငယ်လေးတွေ လူကြီးလုပ်ကြမဲ့ နောင်တစ်ခေတ်မှာ ခေါင်းဆောင် ကောင်းနောက်လိုက်ကောင်း လိုတယ်။ တကယ်တော်တဲ့လူ၊ တကယ်တတ်တဲ့လူ တကယ့်ကို တိုင်းပြည်မှာအသုံးဝင်မဲ့လူတွေ လိုလာပြီ။ ဒီတော့ မင်းတို့တတွေဟာ ကြိုးစားဖို့ သင့်တယ်။ နောက်ပြီး မင်းတို့တတွေဟာ "စစ်ခေတ်သုံးနှစ်အတွင်း"မှာ ခါးပြတ်ပြီး ပညာရေးမှာ လစ်ဟာင်းခဲ့ကြတယ်။ ယောင်ဝါးဝါးနဲ့ အချိန်ကုန်ခဲ့ရတယ်။

ဒီတော့ ဒို့လူကြီးတွေထက် မင်းတို့ကပိုပြီး ကြိုးစားရလိမ့်မယ်။ ဒို့တတွေ ခေတ်တုန်းက ဒီလောက် ပျက်စီးစရာတွေ မများခဲ့ဘူး။ အနှောင့်အယှက်လည်း မရှိလှဘူး။ မင်းတို့က ကံဆိုးတယ်။ ဒီတော့ အစစအရာရာ ကြိုးစားရမယ်။ စာပေလောက၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး အစစအရာရာပေါ့ကွာ။ ကြိုးစားကြပေါ့။ ကိုသိန်းထိုက်လို လူမျိုး မဖြစ်ဖို့ အရေးကြီးတယ်။ ဒါပဲ။ ဒီသဘောကို ပေါ်အောင် မင်းပြုပြင်ပြီး ရေးရင်တော့ ကျေးဇူးပဲ။

မင်း စာပေလောကထဲမှာ ရောက်နေတာ ငါ ဝမ်းသာတယ်။ အခုလဲ သတင်းစာမှာ လုပ်နေတယ် ကြားရတယ်။ အေး. . . ငါလဲ သတင်းစာ အယ်ဒီတာဘဝကိုတော့ အလွမ်းသားပေါ့။ ကြိုးစားကြပါ

ကွာ. . . ဒါပါပဲ. . . ”

ကျန်းမာကြပါစေ

ထွေးမောင်

**သန်းဆွေ**



## ပိုးဖျက်တဲ့ ပန်း

ပန်းပင်မှ ဖြစ်သော ပိုး သည် ထိုပန်းပင်ကို စွဲမှီ၍ ဖြစ်ပေါ်လာသော ပန်းရွက်၊ ပန်းပွင့်၊ ပန်းဖူး၊ ပန်းငုံ တို့နှင့်တကွ ပန်းပင်ကိုပါ ဖျက်ဆီးတတ်ပေသည်။

ထို့အတူ လူတစ်ယောက်၏ စိတ်သဏ္ဍာန်၌ ကိန်းအောင်းလျက်ရှိသော ရည်မှန်းချက် အကြံအစည်သည်လည်း လွဲမှား ချွတ်ချော်သွားပါက ထိုသူနှင့် နီးစပ်ရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့်တကွ ထိုသူကိုပါ ဖျက်ဆီးတတ်ပေသည်။

ဤဝတ္ထု၌ ပိုးဖျက်ခံရသည့် ပန်းများနှင့် တူသော ဘဝသုံးခုကို စာရေးဆရာ သန်းဆွေက ကြေကွဲဖွယ်ရာ သရုပ်ဖော်၍ ထားလေသည်။

သန်းဆွေမှာ “ချစ်ကြွေးမပြေ” “ကြွေလုသဲငယ်ကို” “မေ့ရက်နိုင်တယ်” “ချစ်သုံးလီ” “သံသာလေကမ်းတိုင်” စသော လုံးချင်းဝတ္ထုများနှင့် ဘာသာပြန်ဝတ္ထုများကို ရေးသားခြင်းဖြင့် နာမည် ကျော်ကြားလာခဲ့သော လူငယ်စာရေးဆရာတစ်ဦး ဖြစ်ပေသည်။